# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ဩဂုတ်လ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၈၁)၊ ၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်၊ ၁၈-၂-၂၀၂၅၊ အင်္ဂါနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ဘုရား အစရှိသော ပညာရှိတို့သည် ဈာန်တရားကို လေ့လာပွားများကြ၍ ကိလေသာငြိမ်းရာ နိဗ္ဗာန်အာရုံ၌ မွေ့လျော်ကုန်၏။ သတိရှိတော်မူကြ၍ သစ္စာလေးပါး တရားကို ကောင်းစွာ သိတော်မူကုန်သော ထိုဘုရား အစရှိသည့် သူတော်ကောင်းတို့ကို နတ်တို့သည်လည်း ချစ်မြတ်နိုးကုန်၏။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ

## ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေကြပြီ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်ထမ်းဆောင်နိုင်ရန် အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀) တွင်ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် နယ်မြေများရှိသင်တန်းကျောင်းအသီးသီး သို့ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲများပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀)မှ သင်တန်းသားများအားတွေ့ဆုံကာ သင်တန်းသားများအတွက် စာမျက်နှာ ၃ သို့



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ရက် ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ပေမှ ၆ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာအညွှန်း


ထိပ်သီး နည်းပညာကုမ္ပဏီဦးဆောင်ပုဂ္ဂိုလ်များကို ပင်ကိုစွမ်းရည်ပြသကြရန် သမ္မတ ရှီကျင့်ဖျင် တိုက်တွန်း — စာမျက်နှာ ၈

မကင်းမပြတ် နေ့စဉ်ဖတ်(ဆောင်းပါး) — စာမျက်နှာ ၁၇

အိမ်နီးလာသည့် အရေပြားတွင် ဒဏ်ရာပျောက်ကင်းမှုကို မြှင့်တင်ပေးနိုင်မည့် ကုသမှုတစ်ရပ် ဖော်ထုတ်နိုင် — စာမျက်နှာ ၁၉

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်၊ အင်္ဂါနေ့။

မန္တလေး နေ့စဉ်

## စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်လျက်ရှိ

လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အစိုးရက မူဝါဒများပြင်ဆင်ချမှတ်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်းတို့ကို ခေတ်နှင့်အညီဆောင်ရွက်ပေးလျက်ရှိသည်။ စိုက်ပျိုးရေးကဏ္ဍတိုးတက်ဖွံ့ဖြိုးစေရေး၌ အဓိကသော့ချက်ဖြစ်သည့် စိုက်ပျိုးရေးသုတေသနလုပ်ငန်းများကိုလည်း နိုင်ငံတော်က မူဝါဒများချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

တောင်သူများအနေဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်ဝန်ထမ်းများ၏ စဉ်ဆက်မပြတ်နည်းပညာပေးမှုအပေါ် လိုက်နာဆောင်ရွက်ခဲ့ကြ၍ ပန်းတိုင်အထွက်နှုန်း ပိဿာ ၇၀၀ အထိရရှိကာ အချိုသော စိုက်ကွက်များသည် ပိဿာ ၁၀၀၀ ခန့်အထိရရှိနေကြောင်း။ သို့ရာတွင် အချို့သည် ပြည်တွင်းဝါမျိုးများကို အလေးထားစိုက်ပျိုးမှုမပြုသည့်အတွက် ပန်းတိုင်အထွက်နှုန်းမရဘဲ ပိဿာ ၄၀၀ ကျော်သာရရှိသဖြင့် ပြည်တွင်းဝါမျိုးများ၏ စိုက်ပျိုးဖြစ်ထွန်းမှု သိရှိစေလိုကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က တပ်ကုန်းမြို့နယ် မြောင်မြိုက်ကျေးရွာအုပ်စု ဒဟာတ်ကုန်းကျေးရွာရှိ ချည်မျှင်ရှည်ဝါစိုက်ကွင်းသို့ ကွင်းဆင်းကြည့်ရှုရာတွင် ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် စိုက်ကွင်းပညာရှင်ဝန်ထမ်းများသည် နည်းပညာပေးစိုက်ခင်း၌ နေကြာသီးနှံနှင့် ချည်မျှင်ရှည်ဝါသီးနှံ စိုက်နည်းစနစ်များ။ သွင်းအားစုသုံးစွဲရေးဆိုင်ရာများ။ စိုက်ပျိုးရေစနစ်တကျပေးသွင်းရေးနှင့် ဂွမ်းမွေးများသန့်စင်ထားသည့် အရည်အသွေးမီဝါမျိုးစေ့များကို အသုံးပြုစိုက်ပျိုးခြင်းဖြင့် ဝါအပင်ပေါက်ကောင်းမွန်ခြင်း။ အရည်အသွေးကောင်း ဝါဂွမ်းများရရှိနိုင်ခြင်းကို လက်တွေ့ပြသဆွေးနွေးရှင်းလင်းကြပြီး တောင်သူများသိရှိလိုသည်များကို ရှင်းလင်းဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း။ စိုက်ပျိုးရေးပညာရှင် ဝန်ထမ်းများအနေဖြင့် တောင်သူတစ်ဦးချင်းစီကို အသိပညာပေးဆောင်ရွက်နိုင်ရန် အကန့်အသတ်ရှိနေ၍ တောင်သူပညာပေးစိုက်ခင်းများ ထူထောင်ပြီး တောင်သူအစုအဖွဲ့များအလိုက် ပြသဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း။ တောင်သူများအနေဖြင့် ယခုကဲ့သို့ မျိုး၊ မြေ၊ ရေ၊ နည်း စိုက်နည်းစနစ်များ မှန်ကန်စေရေးအတွက် သရုပ်ပြစိုက်ခင်းများတွင် လာရောက်လေ့လာပြီး စိုက်ပျိုးဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် ၉ ရပ်တွင် စီးပွားရေးဦးတည်ချက်ဖြစ်သော တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူ၍ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ၂၀၂၄-၂၀၂၅ပညာသင်နှစ် တရုတ်ဘာသာစကားပြောစွမ်းရည်ပြိုင်ပွဲ ကျင်းပ





**မန္တလေး ဖေဖော်ဝါရီ ၁၇**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်နှင့် ဖူကျင်နိုင်ငံတကာဘာသာစကားသင်ကြားရေးစင်တာတို့ပူးပေါင်း၍ တရုတ်ဘာသာစကားပြောစွမ်းရည်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် သီရိရတနာခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှကောင်စစ်ဝန်ချုပ် Ms.Gao Ping၊ တရုတ်-မြန်မာချစ်ကြည်ရေးဥက္ကဋ္ဌနှင့် Fuqing International Language Teaching Centerမှ တာဝန်ရှိသူများ၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များနှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ တရုတ်ဘာသာအထူးပြုကျောင်းသား၊ ကျောင်းသူများနှင့် တရုတ်ဘာသာစကားပြောစွမ်းရည်ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး တရုတ်ဘာသာဌာနမှကျောင်းသူများက တရုတ်ရိုးရာအကဖြင့်ဖျော်ဖြေ၍ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနား၌ လူမှုရေးရာဝန်ကြီးက အဖွင့်အမှာစကားကိုလည်းကောင်း၊ တရုတ်ကောင်စစ်ဝန်ချုပ်က နှုတ်ခွန်းဆက်စကားကိုလည်းကောင်း ပြောကြားခဲ့ပြီးနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်သို့ တရုတ်ဘာသာစာအုပ်များ လှူဒါန်းပြီးနောက် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံများရိုက်ကူးပြီး တရုတ်ဘာသာစကားစွမ်းရည်ပြိုင်ပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်းနှင့် သင်တန်းနှစ်အသီးသီးမှ ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၄)

၀-၀-၀-၀-၀

## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် အားကစားနှင့် လူငယ်ရေးရာဟောပြောပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၇**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ချမ်းသာကိုယ်ပိုင်အထက်တန်းကျောင်းတွင် ယနေ့ နံနက်ပိုင်းက စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာ ပေးဟောပြောပွဲနှင့် အားကစားနှင့်လူငယ်ရေးရာ ဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက အနာဂတ်လူငယ်မျိုးဆက်သစ်များကို အခြေခံပညာအရွယ်ကစ၍ စာဖတ်သည့်အလေ့အထနှင့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန်၊ စာအုပ်များနှင့် ရင်းနှီးကျွမ်းဝင်မှုရှိလာပြီး စာပေတွင် မွေ့လျော်ကာ မိမိတို့၏ကိုယ်ပိုင်အချိန်များကို အကျိုးရှိစွာ အသုံးချတတ်လာစေရန်၊ အခြေခံပညာမှ အဆင့်မြင့်ပညာအထိ အတန်းစဉ်အလိုက် ဘက်စုံထူးချွန်ထက်မြက်သည့် ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်လူရွယ်များပေါ်ထွက်လာစေရန် ရည်ရွယ်ချက်များဖြင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် အားကစားနှင့် လူငယ်ရေးရာ ဟောပြောပွဲများကို အရှိန်အဟုန်မြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားမှူး ဦးရိုးမွန်က လူငယ်နှင့် အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးညီဝင်းသူက စာဖတ်ခြင်း၏ အကျိုးကျေးဇူးများနှင့် ပညာ၏တန်ဖိုးအကြောင်းကိုလည်းကောင်းအသီးသီး ဟောပြောသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများက ကလေး အလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေး နံရံကပ်ပြဘုတ်များနှင့် သုတရသစာအုပ်များကို စိတ်ပါဝင်စားစွာဖြင့် လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၀၅၆)

၀-၀-၀-၀-၀



## ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းများ ဆက်လက်ဆောင်ရွက်ပေး

**မတ္တရာ ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၊ မြို့နယ်ပြည်သူ့ဆေးရုံတွင် အသက်၂နှစ်အောက် ကလေးငယ်များ ပုံမှန်ကာကွယ်ဆေးများ ထိုးနှံခြင်း၊ တိုက်ကျွေးခြင်းလုပ်ငန်းများကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများမှ ယနေ့ နံနက်ပိုင်းတွင် ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးပေးရာတွင် ၂လသားအရွယ်မှ အသက်၁နှစ်ခွဲ အထိ ကလေးငယ်များအား ဘီစီဂျီ၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါဘီ၊ ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်ကာကွယ်ဆေး)၊ ပိုလီယိုကာကွယ်ဆေးထိုးဆေး(အိုင်ပီဗွီ)၊ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗွီ)၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝက်သက် ဂျိုက်သိုးရောဂါ ကာကွယ်ဆေး(၁၂)မျိုးတို့ကို ထိုးနှံပေးခြင်းနှင့် ပိုလီယို အကြောသေရောဂါကာကွယ်ဆေးများကို တိုက်ကျွေးခဲ့သည်။

အသက်၂နှစ် အောက် ကလေးငယ်များ ပုံမှန်ကာကွယ်ဆေးထိုးခြင်းနှင့် ကိုယ်ဝန်ဆောင်များကို ကျန်းမာရေးစစ်ဆေးခြင်း၊ ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို လစဉ် ၁၇၊ ၁၈ရက်များနှင့် လကုန်ရက်များတွင် ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

(၄၆၂)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀)မှ သင်တန်းသားများအား နှုတ်ဆက်အားပေးစဉ်။



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။

☆ ရှေ့ဖုံးမှ

ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်း စောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေး အတွက် စစ်ပညာ သင်ကြားရန်နှင့် နိုင်ငံတော်၏ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)ကို ၂၀၂၄ ခုနှစ် ဧပြီ ၈ ရက်မှ စတင်၍ ဖွင့်လှစ် သင်ကြားပေးခဲ့ပြီး သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်နေကြပြီ ဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၀)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိခဲ့ရပါသည်-

စာမျက်နှာ ၄ သို့ »»







ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။



# (၃၁)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ တတိယနေ့ ဆက်လက်ကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၁၇

နှစ်(၈၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် (၃၁)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (က)အဆင့်နှင့် (ခ)အဆင့်ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် (က)အဆင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု ရဲတီးဝိုင်းအသင်း၊ (ခ)အဆင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်း၊ ဧရာဝတီတိုင်းဒေသတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်းနှင့် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

**ကြည့်ရှုအားပေး**

အဆိုပါ ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်ထွန်းမြတ်ရွှေနှင့် တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲလေ့ကျင့်ရေး အရာရှိချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

»» စာမျက်နှာ ၃ မှ

နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို တစ်ထောင့်တစ်နေရာက ထမ်းဆောင်ဖို့အတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိတာကြောင့် ဒီဥပဒေပြဋ္ဌာန်းခြင်းဟာ မဖြစ်မနေရှိသင့်တဲ့ ပြဋ္ဌာန်းချက်တစ်ခုပဲလို့ ထင်မြင်မိပါတယ်။ နောင်လာမယ့် ညီငယ်တွေလည်း ဒီသင်တန်းကို လာရောက် တက်သင့်တယ်လို့ ဖိတ်ခေါ်ချင်ပါတယ်။

ကျွန်တော့်ရဲ့ ရည်ရွယ်ချက်ကအဓိကတော့ မြန်မာနိုင်ငံသားတစ်ယောက်ပီပီ နိုင်ငံသားတစ်ယောက်ရဲ့ တာဝန်ဝတ္တရားအရ ကျွန်တော်တို့ဒါကို တတ်ကိုတတ်ရမယ့် နိုင်ငံသားဥပဒေပါတဲ့အတွက်ကြောင့် ဒီမှာတက်ရောက်ခြင်းဖြစ်ပါတယ်ခင်ဗျာ။ ပြည်သူတစ်ယောက်အနေနဲ့ တာဝန်သိတာဝန်ယူတဲ့စိတ်အနေနဲ့ လာပြီး တာဝန်ထမ်းဆောင်ခြင်း ဖြစ်ပါတယ်။

ကျွန်တော့် ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံမှာ ချမှတ်ထားတဲ့ဥပဒေတိုင်းကို မြန်မာနိုင်ငံသားတိုင်း လိုက်နာရမှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ ဒီဥပဒေကို လိုက်နာတဲ့အနေနဲ့ ဒီသင်တန်းကို လာရောက် တက်ရောက်ခြင်းဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးတဲ့အတွက် ကျွန်တော့်အမြင်ကတော့ အလွန်ကောင်းတယ်လို့ မြင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့နိုင်ငံတင်မဟုတ်ဘဲ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာလည်း စစ်မှုထမ်းဥပဒေကို ကျင့်သုံးနေကြတာပါ ။ ဒါ့ကြောင့် ကျွန်တော်တို့နိုင်ငံတစ်ခုတည်းမဟုတ်ဘဲနဲ့ တခြားသောနိုင်ငံတွေပါ ကျင့်သုံးနေခြင်းဖြစ်တဲ့အတွက် ကျွန်တော်ကတော့ ကောင်းလည်း ကောင်းတယ်၊ လက်လည်း လက်ခံပါတယ်။







**သတင်းစဉ်**



# ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(မန္တလေး)တွင် ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဖွင့်လှစ်

**မန္တလေး ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှကြီးမှူး၍ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(မန္တလေး)ကြက်ခြေနီအသင်းခွဲတို့ ပူးပေါင်း၍ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းကို ဖေဖော်ဝါရီ ၁၆ရက်က ပုသိမ်ကြီးမြို့နယ် မန္တလေး-ရန်ကင်းတောင်လမ်းရှိ အဆိုပါတက္ကသိုလ် သင်တန်းခန်းမတွင် ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီအတွင်းရေးမှူးနှင့်ကော်မတီဝင်များ၊ ပုသိမ်ကြီးမြို့နယ်ကြက်ခြေနီအသင်းခွဲနှင့်မန္တလေးတိုင်းကြက်ခြေနီတပ်ဖွဲ့မှ နည်းပြများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

သင်တန်းတွင် မန္တလေးတိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးကျော်ကျော်က အမှာစကားပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့မှ နည်းပြများနှင့် ပုသိမ်ကြီးမြို့နယ် ကြက်ခြေနီနည်းပြများက မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဖွဲ့စည်းပုံနှင့် ရည်ရွယ်ချက်များ၊ ထိခိုက်ဒဏ်ရာရှေးဦးပြုစုနည်းများ၊ လူနာဆန်းစစ်ခြင်းဘာသာရပ်များအား စာတွေ့၊ လက်တွေ့ပုံစံငယ်များဖြင့် သင်ကြားပို့ချပေးကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

# ချေးသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**နတ်မောက် ဖေဖော်ဝါရီ ၁၇**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ နဝမစက်ဝန်းထုတ်ချေးခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက ချေးသာကျေးရွာ၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူးက ချေးသာကျေးရွာရှိမြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မိသားစုတစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုလုပ်ကိုင်ဆောင်ရွက်စေလိုကြောင်း တိုက်တွန်းပြောကြားသည်။ ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ထံ ရန်ပုံငွေလွှဲပြောင်းပေးအပ်သည်။ ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၅၂ ဒသမ ၈ သန်းကို မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် မြစိမ်းရောင်ကျေးရွာလုပ်ငန်း အဖွဲ့ဝင်များက ချေးသာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆောင်ရွက်သူ အသင်းသား၊ အသင်းသူ စုစုပေါင်း ၁၀၆ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် မ,တည်ရန်ပုံငွေကျပ် ၅၂ ဒသမ ၈ သန်းကိုသက်သာသော အတိုးနှုန်းဖြင့် တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့သည်။

နတ်မောက်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းအား ၂၀၁၄-၂၀၁၅ ခုဘဏ္ဍာနှစ်မှစတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုလက်ရှိ ကျေးရွာပေါင်း ၄၁ ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**ဒေါ်မူမူစန်း**

# စာမေးပွဲဖြေဆိုမည့်ကာလများအတွင်း စာသင်ကျောင်းများ မီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေး



**ဥတ္တရသီရိ ဖေဖော်ဝါရီ ၁၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ အခြေခံပညာအထက်တန်းကျောင်းများတွင် စာမေးပွဲဖြေဆိုမည့်ကာလများအတွင်း မီးလောင်၊ မီးလန့်မှု မဖြစ်ပွားစေရေးနှင့် မီးဘေးလုံခြုံရေးအတွက် ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူးဦးမင်းမင်းဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သရက်တောကျေးရွာအခြေခံပညာအထက်တန်းကျောင်း၊ မင်းကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် ငန်းစပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတို့တွင် ကျောင်းပတ်ဝန်းကျင်တွင် အမှိုက်ခြောက်များ မရှိစေရေး၊ မီးသတ်ဆေးဘူးများ အသင့်ပြင်ဆင်ထားရှိစေရေး၊ ကျောင်းဝင်းအတွင်းရှိအုတ်ရေကန်များ ရေဖြည့်တင်းထားရှိစေရေး၊ စာသင်ဆောင်များတွင် သွယ်တန်းထားရှိသည့် လျှပ်စစ်မီးကြိုးများ ဟောင်းနွမ်းပေါက်ပြဲမှုမရှိစေရေး လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)














❍ စာမျက်နှာ ၂၄ မှ

ရေပေးဝေနေမှု အခြေအနေများကိုလည်းကောင်း၊ မိတ္ထီလာမြို့နယ်ရှိ ဇောင်ချမ်းကုန်း ကျေးရွာအုပ်စု၊ ဇောင်ချမ်းကုန်းကွင်း၊ ကွင်းအမှတ် (၇၃၇)၊ နွေနှမ်းဇက ၁၀၀ စိုက်ပျိုးရန်ပြင်ဆင်နေမှုများနှင့် ရေပေးဝေမှု အခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သီးနှံမျိုးစေ့မျိုးကောင်းမျိုးသန့်များလုံလောက်စွာ ရရှိရေး၊ စိုက်ပျိုးရေများအချိန်မီရရှိရေးနှင့်အလေအလွင့်များ မဖြစ်ပေါ်စေဘဲ စနစ်တကျသုံးစွဲသွားရေး၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ တောင်သူများအတွင်း ပိုမိုပျံ့နှံ့ရေးတို့ကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်သွားရေးတို့ကို မှာကြားပြီးနောက် ဒုတိယဝန်ကြီးက လယ်ယာကဏ္ဍဆိုင်ရာ ကွင်းဆက်တစ်လျှောက်လုံးသက်ဆိုင်ရာ ဦးစီးဌာနများက တောင်သူများနှင့်အတူပူးပေါင်း ဆောင်ရွက်ပေးကြရန်လိုကြောင်းတို့ကို ဖြည့်စွက်ဆွေးနွေးပြောကြား၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဒုတိယဝန်ကြီးတို့က တောင်သူများ၏ တင်ပြချက်များအပေါ်ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ထွန်စက်များ အသုံးပြု၍ ပေါင်ကြီးတင်စနစ်ဖြင့် ပေါင်တင်ခြင်းဆောင်ရွက်နေမှုနှင့်ထွန်ရက်နေမှုများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ဖြည့်စွက်ဆောင်ရွက်ပေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇောင်ချမ်းကုန်းကျေးရွာအုပ်စု၊ ဇောင်ချမ်းကုန်းကွင်း၌တောင်သူများနှင့်တွေ့ဆုံသည့် အခမ်းအနား၌ တောင်သူများအား ဇက ၁၀၀ အတွက် နွေနှမ်းဆင်းရတနာ-၃ မျိုးသန့်မျိုးပွားမျိုးစေ့များနှင့် ယူရီးယားမြေသြဇာများကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဝမ်းတွင်းမြို့နယ်ကင်းတားလက်ဝဲမြောင်း၊ စမုံရေငုပ်ပြွန်အသစ် ပြန်လည်တည်ဆောက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက စမုံရေငုပ်ပြွန်အသစ်ပြန်လည်တည်ဆောက်နေမှု အခြေအနေများနှင့်ပတ်သက်၍ ဘူမိဗေဒအကြိုတိုင်းတာစစ်ဆေးမှုအရ ရေငုပ်ပြွန်တည်ဆောက်မည့် အောက်ခံအုတ်မြစ်ခံနိုင်ရည်ရှိစေရန် သတ်မှတ်စံချိန်စံညွှန်းရှိသော ဝန်ခံသပ်တိုင်များဖြင့်ထည့်သွင်းတည်ဆောက်နေမှု၊ နွေစပါးနှင့်နွေအခြားသီးနှံများ ဖွန်လဆန်းအထိ ရေပေးဝေရန်အတွက်နှင့် မိုးကြိုကာလ မိုးရွာသွန်းမှုများ၊ မိုးဦးကာလမှတ်သုံမိုးရွာသွန်းမှုများ၊ ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် အချိန်အခါမဟုတ် မိုးရွာသွန်းမှုများကြောင့် စမုံမြစ်အတွင်း စီးဝင်ရေ ရတ်တရက်ဝင်ရောက်လာပါက ရေလွှဲနိုင်ရန်အတွက် ယာယီရေလွှဲမြောင်းတစ်ခု ထည့်သွင်းဆောင်ရွက်ထားမှု၊ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အပြီးတည်ဆောက်မည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်းပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန် ပြောကြားပြီးနောက် ဒုတိယဝန်ကြီးက စမုံရေငုပ်ပြွန်အသစ်ပြန်လည်တည်ဆောက် ဆောင်ရွက်နေမှု လုပ်ငန်းများနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်စွက်ဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝမ်းတွင်းမြို့နယ် ရိုးစုံကျေးရွာအုပ်စုအတွင်းရှိ မကျီးအုပ်ကျေးရွာအနီးရှိ စွန်ချောင်းတစ်လျှောက်တွင် မြေအောက်တမံတည်ဆောက်နိုင်မည့်နေရာအကြိုမြေပြင်တိုင်းတာခြင်း ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်စွက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

သတင်း စာမျက်နှာ ၂၄



သတင်း စာမျက်နှာ ၂၄







# ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ တာရှည်အထားခံနိုင်ရန် ပြုပြင်မွမ်းမံခြင်းနည်းပညာတောင်သူ ၅ ရက်သင်တန်းဖွင့်လှစ်



**မန္တလေး ဖေဖော်ဝါရီ ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ထုံးဘို-ရိတ်သိမ်းချိန်လွန်နည်းပညာ သင်တန်းကျောင်း၌ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ တာရှည်အထားခံနိုင်ရန် ပြုပြင်မွမ်းမံခြင်းနည်းပညာ တောင်သူ ၅ ရက်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)ဖွင့်ပွဲအခမ်းအနား ယနေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လှနှင့်တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီး၊ သင်တန်းဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများတက်ရောက်ခဲ့ကြပြီး မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် သင်တန်းကျောင်းတာဝန်ခံတို့က သင်တန်းဖွင့်အမှာစကားများ ပြောကြားခဲ့သည်။

ထုံးဘို ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်းမှ လေလွင့်ဆုံးရှုံးမှု လျှော့ချသည့် နည်းပညာရပ်ဖြစ်သည့် အစားအစာများ ပြုပြင်မွမ်းမံခြင်း ဘာသာရပ်များအား သိရှိရန်၊ တစ်ပိုင်တစ်နိုင် အိမ်တွင်းထုတ်လုပ်မှုလုပ်ငန်းများ ထုတ်လုပ်တတ်စေရန်၊ နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်သည့် တန်ဖိုးမြင့်ထုတ်ကုန်များ စနစ်တကျထုတ်လုပ်တတ်စေရန် ရည်ရွယ်၍ ရိတ်သိမ်းချိန်လွန် နည်းပညာ သင်တန်းများ စဉ်ဆက်မပြတ်ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ၂၀၁၄-၂၀၁၅ ခုနှစ်မှ ယနေ့အချိန်ထိ စာတမ်းဖတ်ပွဲ၊ အလုပ်ရုံဆွေးနွေးပွဲအပါအဝင် သင်တန်းအကြိမ်ရေ စုစုပေါင်း(၁၈၁)ကြိမ်၊ တောင်သူပေါင်း ၃၀၃၅ ဦး၊ ဝန်ထမ်းပေါင်း ၃၄၂၈ဦး၊ သင်တန်းသားဦးရေ စုစုပေါင်း ၆၄၆၃ ဦးအား နည်းပညာများ ဖြန့်ဖြူးပေးခဲ့ပြီး ရိတ်သိမ်းချိန်လွန်နည်းပညာ (TOT) သင်တန်းတက်ပြီးသော ဝန်ထမ်းများမှ မိမိတို့တာဝန်ကျရာ ဒေသများတွင် ဆင့်ပွားသင်တန်းများ ပြုလုပ်လျက်ရှိရာ ဆင့်ပွားသင်တန်းအကြိမ်ရေပေါင်း(၄၇၄)ကြိမ်၊ တောင်သူပေါင်း ၈၄၇၃ ဦး၊ ဝန်ထမ်းပေါင်း ၆၄၂၈ ဦး၊ စုစုပေါင်း ၁၄၉၀၁ ဦးတို့အား ရိတ်သိမ်းချိန်လွန် နည်းပညာများ ဖြန့်ဝေပြီးဖြစ်ကြောင်းနှင့် ယခုဖွင့်လှစ်သည့် သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၁ရက်အထိ ၅ ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ



# KG ကျောင်းသား၊ ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေး

**ကံမ ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်အတွင်းအခြေခံပညာကျောင်းများရှိ KG ကျောင်းသား၊ ကျောင်းသူများအား ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းအစီအစဉ်ကို ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၀နာရီက အမှတ်(၂) ရပ်ကွက်၊ အခြေခံပညာမူလတန်းကျောင်း(မြို့မ)၌ အာဟာရကျွေးမွေးခြင်းအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

ထိုသို့ အာဟာရကျွေးမွေးရာတွင် ကျောင်းသား၊ ကျောင်းသူ ကလေးငယ်များ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုအတွက်အထောက်အကူဖြစ်စေမည့် အစာအုပ်စု(၃)အုပ်စုသင့်တင့်မျှတစွာပါဝင်၍ ကယ်လိုရီပြည့်ဝသည့် အစားအစာများအား ကျွေးမွေးစေခြင်းဖြစ်ပြီး ကံမမြို့နယ်အတွင်း အခြေခံပညာကျောင်းများရှိ KG ကျောင်းသား၊ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းလုပ်ငန်းကို ဇန်နဝါရီလတွင် (၁)ကြိမ်ကျွေးမွေးခဲ့ပြီး ဖေဖော်ဝါရီလတွင် (၂)ကြိမ်ကျွေးမွေးခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**(အပေါ်ပုံ)**

**ဇော်ဝမ်းထွန်း(အောင်လံ)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် ဒေသအသီးသီးမှ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်များတွင် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်



**မန္တလေး ဖေဖော်ဝါရီ ၁၇**

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ အကြမ်းဖက်မှု၊ လက်နက်ကိုင်သောင်းကျန်းမှုဖြစ်ပွားခြင်းကြောင့် ပြည်သူများ၏ ဆုံးရှုံးမှုများသည်လည်း သဘာဝဘေးအန္တရာယ် သတ်မှတ်ချက်များတွင် အကျုံးဝင်သည့်အတွက် နိုင်ငံတော်အနေဖြင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် မန္တလေးတိုင်းဒေသကြီး ၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်များတွင် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရမည်းသင်းမြို့ သီလဝခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ တိုင်းဒေသကြီးအတွင်း ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များနှင့် အခြားဘေးအန္တရာယ်များကြောင့် ကာကွယ်ရေးလုပ်ငန်းများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ယာယီနေရပ်စွန့်ခွာသူ ပြည်သူများ၏ စားဝတ်နေရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပါကြောင်း၊ ဒေသအသီးသီးမှ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်များ၌ ယာယီနေရပ်စွန့်ခွာနေရသူများအတွက် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၂၇ ဒသမ ၇၈ သန်း ထောက်ပံ့ပေးခြင်းဖြစ်ပါကြောင်းနှင့် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လစဉ်ထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီးအတွင်း ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်များတွင် ယာယီ နေရပ်စွန့်ခွာနေပြည်သူများအတွက် ကိုယ်စားလှယ်များထံသို့ ထောက်ပံ့ငွေများပေးအပ်ပြီး ယာယီနေရပ်စွန့်ခွာပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြော ကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်အားပေးစကားများ ပြောကြားပြီးနောက် ထောက်ပံ့ငွေများ ထုတ်ပေးနေမှုများကို လိုက်လံကြည့်ရှုကာ လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀









## ထိပ်သီးနည်းပညာကုမ္ပဏီ ဦးဆောင်ပုဂ္ဂိုလ်များကို ပင်ကို စွမ်းရည်ပြသကြရန် သမ္မတ ရှီကျင့်ဖျင်တိုက်တွန်း



**ပေကျင်း ဖေဖော်ဝါရီ ၁၇**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဖေဖော်ဝါရီ ၁၇ရက်တွင် တရုတ်နိုင်ငံ၏ ထိပ်သီးနည်းပညာ ကုမ္ပဏီဦးဆောင်ပုဂ္ဂိုလ်များနှင့် တွေ့ဆုံခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယင်းတွေ့ဆုံပွဲတွင် အလီဘာဘာကုမ္ပဏီတည်ထောင်သူ ဂျက်မားကဲ့သို့ နာမည်ကြီး စီးပွားရေးသမားများ ပါဝင်ခဲ့ပြီး ပင်ကိုစွမ်းရည်များ ပြသကြရန် ၎င်းတို့ကို သမ္မတရှီကျင့်ဖျင် က တိုက်တွန်းခဲ့သည်။ ထို့ပြင် တရုတ်၏ စံနှုန်းနှင့် ဈေးကွက် အားကြီးမှုအပေါ် ယုံကြည်မှုရှိရန်လည်း လမ်းညွှန်ခဲ့သည်။

ယင်းတွေ့ဆုံပွဲသည် နည်းပညာကုမ္ပဏီများကို စည်းကမ်းထိန်းသိမ်းမှုများ ချမှတ်ခဲ့သည့် လွန်ခဲ့သော လေးနှစ်ကာလမှ ပြန်လည်ပြောင်းလဲသည့် အရေးကြီးသော နိုင်ငံရေးအခြေပြုလုပ်ရှားမှုဖြစ်သည်။ တရုတ်စီးပွားရေး တိုးတက်မှုနှုန်းကျဆင်းမှုနှင့်အတူ အမေရိကန်က တရုတ်၏ နည်းပညာဖွံ့ဖြိုးမှုကို ကန့်သတ်ရန် ကြိုးပမ်းမှုများ လုပ်ဆောင်နေခြင်းတို့ကြောင့် တရုတ်အစိုးရအနေဖြင့် စီးပွားရေးကို ထောက်ပံ့ရန် လိုအပ်လာသည်ဟု သုံးသပ်ကြသည်။

အမေရိကန်၏ ဖိအားအောက်သို့ ကျရောက်လာနိုင်သည့်စီးပွားရေး ပုဂ္ဂိုလ်ဦးဆောင်များကို ထိုသို့ခေါ်ယူ၍ တွေ့ဆုံမှုပြုလုပ်ခြင်းသည် တရုတ်နိုင်ငံအနေဖြင့် နည်းပညာပိုင်းတွင် ခိုင်မာမှုရရှိရန် သီးသန့်လုပ်ငန်းရှင်များ၏ ဖန်တီးမှုအရေးကြီးသည် ဟူသောအချက်ကို ပြသလိုခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ



ဂျပန်ပင်လယ်ရေပိုင်နက်ထဲအထိဝင်ရောက်ပြီး စစ်ရေးလေ့ကျင့်ခဲ့သည်ဆိုသော ရုရှားရေတပ်မှ စစ်သင်္ဘောများကို ဖေဖော်ဝါရီ ၁၇ရက်က တွေ့ရစဉ်။ **Mon**



## ပခင်ကင်မ်ဂျုံအီးလ်၏မွေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျောင်အွန်းဂါဝရပြု

**ပြုံယမ်း ဖေဖော်ဝါရီ ၁၇**

မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျောင်အွန်းသည် ၎င်း၏ဖခင်ဖြစ်သူ ယခင်ခေါင်းဆောင်ဟောင်း ကင်မ်ဂျုံအီးလ်၏ မွေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မိသားစုဂူသချိုင်းတွင် ဂါဝရပြုခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာန ကေစီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဖေဖော်ဝါရီ ၁၆ရက်နေ့တွင် ကျရောက်သော ကင်ဂျုံအီးလ်၏ မွေးနေ့ကို မြောက်ကိုရီးယားနိုင်ငံတွင် "တောက်ပသောကြယ်နေ့"ဟုသတ်မှတ်ကာ အမိက အလုပ်ပိတ်ရက်တစ်ခုအဖြစ် ကျင်းပလေ့ရှိသည်။

ကင်မ်ဂျောင်အွန်းအနေဖြင့် ၎င်း၏ဖခင်နှင့် ဘိုးဘွားတို့၏ မံမီပြုလုပ်ထားသော အလောင်းများကို ဌာပနာထားသည့်မြို့တော်ပြင်ပရှိ နေနန်းတော်သို့ နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် လေးနှစ်အတွင်း ပထမဆုံး အကြိမ်သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

## လက်ဘနွန်တောင်ပိုင်း၌ အစ္စရေးက လေကြောင်းမှ တိုက်ခိုက်

**ဘေရွတ် ဖေဖော်ဝါရီ ၁၇**

လက်ဘနွန်နိုင်ငံတောင်ပိုင်း ဆီဒွန်မြို့ဝင်ပေါက်အနီးရှိ ယာဉ်တစ်စီးအား အစ္စရေးက လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ ဒေသခံတစ်ဦးသေဆုံးကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

မီးလောင်နေသည့်ကားအား မီးငြိမ်းသတ်ခဲ့ပြီးနောက် သေဆုံးသူအား စစ်ဆေးခဲ့ရာ ဟားမတ်စ်အဖွဲ့တာဝန်ရှိသူ မိုဟာမက်ချာဟင်ဟု စစ်ဆေးတွေ့ရှိခဲ့ရကြောင်း လူမှုမီဒီယာအိတ်စ်မှတစ်ဆင့် အယ်လ်ဟာဒက်ရုပ်မြင်သံကြားဌာနက ပြောကြားသည်။

ဟစ်ဇ်ဘိုလာအဖွဲ့နှင့် အစ္စရေးတပ်မတော်အကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်သည် ယမန်နှစ် နိုဝင်ဘာ ၂၇ ရက်တွင် စတင်အသက်ဝင်ခဲ့ပြီး ၎င်းသဘောတူညီချက်အရ လက်ဘနွန်နိုင်ငံအတွင်းမှ အစ္စရေးတပ်ဖွဲ့များ ရက် ၆၀အတွင်း ဆုတ်ခွာရမည်ဟု သတ်မှတ်ထားသည်။

ယခုနှစ် ဇန်နဝါရီ ၂၇ရက်တွင် အပစ်အခတ်ရပ်စဲရေးကာလအား ဖေဖော်ဝါရီ ၁၈ရက်အထိ သတ်မှတ်ကြောင်း လက်ဘနွန်အစိုးရက ကြေညာခဲ့သည်။

အပစ်အခတ်ရပ်စဲရေး ကြေညာထားသည့် ကာလအတွင်း အစ္စရေးတပ်ဖွဲ့များသည် လက်ဘနွန်နိုင်ငံတွင် တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**





## အမေရိကန်တောင်ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသများတွင် မိုးသည်းထန်ရေကြီးမှုဖြစ်ပွား လူ ၁၀ဦးထက်မနည်းသေဆုံး

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၇**

အမေရိကန်ပြည်ထောင်စု တောင်ပိုင်းနှင့်အရှေ့တောင်ပိုင်း ဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အနည်းဆုံးလူ ၁၀ဦးသေဆုံးခဲ့ပြီး ဖေဖော်ဝါရီ ၁၆ရက်က လမ်းများနှင့် အိမ်များ ရေမြုပ်လျက်ရှိကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

မိမိတို့ပြည်နယ်တွင် ယင်းမိုးသည်းထန်ရေကြီးမှုကြောင့် လူ ကိုးဦး သေဆုံးကြောင်း ကင်တပ်ကီပြည်နယ်အုပ်ချုပ်ရေးမှူး အန်ဒီဘရီးယားက အတည်ပြုကြေညာခဲ့သည်။

ယင်းပြည်နယ်အတွင်း သေဆုံးခဲ့သူများတွင် မိခင်တစ်ဦး၊ ၎င်း၏ခုနစ်နှစ်အရွယ်ကလေးနှင့် အသက် ၇၃နှစ်အရွယ်အမျိုးသားတစ်ဦးလည်း ပါဝင်သည်။

ကင်တပ်ကီပြည်နယ်၏ အချို့ဒေသများတွင် မိုးရေချိန် ၆လက်မ(၁၅ စင်တီမီတာ)အထိ ရွာသွန်းခဲ့ရာမှ ဖြစ်ပွားခဲ့သောရေကြီးမှုကြောင့် လူပေါင်း ၁၀၀၀ ခန့် ပိတ်မိနေပြီး အရေးပေါ်ကယ်ဆယ်ရန် လိုအပ်ပါကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ကင်တပ်ကီ၊ ဂျော်ဂျီယာ၊ အလာဘားမား၊ မစ္စစ္စပီ၊ တင်နက်ဆီ၊ ဗာဂျီးနီးယား၊ အနောက်ဗာဂျီးနီးယားနှင့် မြောက်ကယ်ရိုလိုင်းနားပြည်နယ်များတွင် တစ်ပတ်လုံးအတွက် မုန်တိုင်းနှင့်ဆက်စပ်သော သတိပေးချက်များကြေညာထားကြောင်း သိရသည်။ **Mon**

## ယူကရိန်းဖြစ်စဉ်ပြီးကာလ ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းတွင် ဆွီဒင်တပ်ဖွဲ့ဝင်များ ပါဝင်ကူညီရန် အသင့်ရှိနေ

**စတော့ဟုမ်း ဖေဖော်ဝါရီ ၁၇**

မိမိတို့တပ်ဖွဲ့ဝင်များသည် ယူကရိန်း ဖြစ်စဉ်ပြီးကာလ ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းတွင် ပါဝင်ကူညီနိုင်သည်ဟု ဆွီဒင်နိုင်ငံခြားရေးဝန်ကြီး မာရီယာမာလ်မာစတေနာဂတ်က ထုတ်ဖော်ပြောကြားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ယူကရိန်းနိုင်ငံ၏ လုံခြုံရေးအာမခံချက်များတွင် ပါဝင်ကူညီရန် အသင့်ရှိပြီး ဆန္ဒလည်းရှိနေကြောင်း ဗြိတိန်ဝန်ကြီးချုပ် ကီယာစတာမာ ပြောကြားပြီးနောက် ၎င်းကထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

မိမိတို့နိုင်ငံအနေဖြင့် ယူကရိန်းနိုင်ငံအတွက် တရားမျှတပြီး ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် ညှိနှိုင်းရမည်ဟု ၎င်းကထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။ **Mon**



## အီရန်မြို့တော် တီဟီရန်ရှိ ပြတိုက်တစ်ခု၏ မြေအောက်ခန်းထဲ၌ ပန်းချီဆရာကြီး၏ လက်ရာများကို သိမ်းဆည်းထား

**တီဟီရန် ဖေဖော်ဝါရီ ၁၇**

အီရန်မြို့တော် တီဟီရန်ရှိ ပြတိုက်တစ်ခု၏ မြေအောက်ခန်းထဲ၌ ကမ္ဘာကျော်ပန်းချီဆရာကြီးများ၏ လက်ရာများကို သိမ်းဆည်းထားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဆယ်စုနှစ်များစွာကြာအောင် ဗင်းဆင့်ဗန်ဂိုး၊ ပက်ဘလိုပီကာဆို၊ ဆန်ဒီဝါးဟိုးလ်နှင့် ဂျက်ဆင်ပေါလော့ တို့ကဲ့သို့သော နာမည်ကျော်ပန်းချီဆရာအသီးသီး၏ လက်ရာများကို ဝယ်ယူပြီး ထိုမြေအောက်ခန်းထဲ သိမ်းဆည်းထားခဲ့ရာ ယင်းစုဆောင်းမှုသည် အမေရိကန်ဒေါ်လာ သန်းသုံးထောင်အထိ တန်ဖိုးရှိမည်ဟု ၂၀၁၈ ခုနှစ်က ခန့်မှန်းခဲ့ဖူးသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာလက ဖွင့်လှစ်ခဲ့သော တီဟီရန် ခေတ်ပြိုင်အနုပညာပြတိုက်ရှိ ပြပွဲတွင် အဆိုပါ ပန်းချီကားများကိုပြသရာ ပရိသတ်၏ အလွန်အမင်းတောင်းဆိုမှုကြောင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီအထိ ပြပွဲရက်ကို နှစ်ကြိမ်တိုးမြှင့်ပေးခဲ့ရသည်။

ထိုပြပွဲကို ပြတိုက်၏ သမိုင်းတစ်လျှောက် အရေးပါဆုံးပြပွဲများထဲမှ တစ်ခုအဖြစ် သတ်မှတ်ခံခဲ့ရပြီး ပရိသတ်လာရောက်မှုအများဆုံးစံချိန်လည်း တင်ခဲ့ကြောင်း သိရသည်။ **Mon**





# ပြည်ပနိုင်ငံသားများ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး မြန်မာ-တရုတ်-ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ ဆွေးနွေးညှိနှိုင်း

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ထိုင်းနိုင်ငံ အပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၁၇ ရက်အထိ ပြည်ပနိုင်ငံသား ၁၃၀၃ ဦးတို့ကို ဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်နိုင်ရေး တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတွင် တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ၍ ပြည်နှင်လွှဲပြောင်းမှု ကြီးကြပ်ရေး ဗဟိုကော်မတီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာန လက်ထောက်ဝန်ကြီး H. E. Mr. Liu Zhong Yi နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ အမျိုးသားကာကွယ်ရေး ဝန်ကြီးဌာနမှ အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး Trisak Indararusmi နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မြဝတီမြို့၌ တွေ့ဆုံဆွေးနွေးကြသည်။

### ကြည့်ရှုလေ့လာ

ဦးစွာ အဆိုပါ သုံးနိုင်ငံပူးပေါင်းအဖွဲ့သည် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများသို့ တရားမဝင် လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ပြီး ကောင်းမွန်စွာ ထိန်းသိမ်းထားမှု အခြေအနေများ၊ ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူနေမှုအခြေအနေများကို လိုက်လံကြည့်ရှုလေ့လာကြသည်။



ပြည်ပနိုင်ငံသားများ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး မြန်မာ-တရုတ်-ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ ဆွေးနွေးညှိနှိုင်းစဉ်။



အဆိုပါသုံးနိုင်ငံမှကိုယ်စားလှယ်များသည် မြဝတီမြို့၌တွေ့ဆုံပြီး ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးလွှဲပြောင်းပေးအပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ကာ သုံးနိုင်ငံအကြား အွန်လိုင်းလိမ်လည်မှု (Telecom Fraud) တားဆီးနှိမ်နင်းရေးစနစ် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ရေး၊ မြဝတီဒေသရှိ အွန်လိုင်းလိမ်လည်မှု (Telecom Fraud) ဇုန်များ ကင်းစင်ပပျောက်သည်အထိ ရှင်းလင်းဆောင်ရွက်ရေးနှင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဆက်စပ်ပတ်သက်သူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ရာတွင် အဆင်ပြေချောမွေ့စေရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော် အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင်လည်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများအား တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၇၃ ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၁၇

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကို ထိထိရောက်ရောက် နှိမ်နင်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများသို့ တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၂၇၃ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး မြန်မာ-တရုတ်-ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ မြဝတီမြို့၌ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၁၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၃၀၃ ဦးကို စစ်ဆေးဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသည့် ပြည်ပနိုင်ငံသား ၂၇၃ ဦးအား ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ရရှိသည့်မှတ်တမ်းဓာတ်ပုံ။





မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသည့် ပြည်ပနိုင်ငံသား ၂၇၃ ဦးအား ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ရရှိသည့်မှတ်တမ်းဓာတ်ပုံ။

# ဓမ္မစကြာသုတ်နှင့် အနတ္တလက္ခဏာသုတ်တို့မှ ဝိပဿနာဉာဏ်အလုပ်များ

(၁၇-၆-၂၀၂၅) စာမျက်နှာ-၆ မှအဆက်

**သဘောဖြစ်ပျက်မှသည် မှန်းဉာဏ်ဆီသို့**

ရှေ့ပိုင်းတွင်ရေးသားခဲ့သလို ဝိပဿနာအလုပ်ကို အားထုတ်ကြသော ယောဂီများသည် ရိပ်သာများတွင် ဖြစ်ပျက်ကိုမြင်အောင် အားထုတ်ကြရသည်။ ဘယ်ဟာရဲ့ဖြစ်ပျက်လဲ၊ ရုပ်နဲ့နာမ်ရဲ့ ဖြစ်ပျက်၊ ထပ်ခွဲခြားရင် ခန္ဓာငါးပါးရဲ့ ဖြစ်မှု ပျက်မှုကို မြင်အောင်ရှုခြင်းပါ။ ရူပက္ခန္ဓာဟူသည့် ရုပ်ခန္ဓာက တစ်ပါး၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တည်းဟူသော နာမ်ခန္ဓာက လေးပါးဖြစ်ပါတယ်။ မြင်မှုဟူသော မျက်စိနှင့် ရူပါရုံတို့တိုက်ဆိုင်သည့်အခါ မြင်စိတ်ဟူသော အပွင့်ဓာတ် ဖြစ်ပေါ်လာသည်။ ယင်းတွင် ခန္ဓာငါးပါးလုံးအကျုံးဝင်နေပါတယ်။ မိုးကုတ်ဆရာတော်ဘုရားကြီး၊ မဟာစည်ဆရာတော်ဘုရားကြီးနှင့် ကမ္မဋ္ဌာနာစရိယ ဆရာတော်ကြီးများ၏ အကျယ်တဝင့် ရေးသားထားသည့် စာအုပ်များနှင့် ဟောတရားများတွင် စေ့စေ့စပ်စပ်လေ့လာသင့်ပါတယ်။

သဘောဖြစ်ပျက်ကို ရှုရာတွင် ဆံစမှခြေဖျားထိ လူခန္ဓာကိုယ် အထည်ကောင်ကြီးကို ရှုနိုင်းခြင်းမဟုတ်ပါ။ ဓာတ်လေးပါးဖြင့် တည်ဆောက်ကာ ကံ,စိတ်,ဥတု,အာဟာရ ထောက်တိုင်လေးခုဖြင့် ရပ်တည်နေသော သည်ခန္ဓာကိုယ်ကြီးမှာ သိသည့်နာမ်သဘောနှင့် မသိသည့်ရုပ်သဘောအားလုံးတို့ဟာ စက္ကန့်မလပ် ဖြစ်ပျက်၍နေသည်။ ၃၁ ဘုံတွင် ဘာမှတည်မြဲသည်မရှိပါ အရာအားလုံးဖြစ်လိုက်ပျက် လိုက် သဘောချည်းသာ၊ ဖြစ်လည်းဖြစ်သည်၊ ပျက်လည်းပျက်သည်။ အမျှင်မပြတ်ဘဲဖြစ်နေတာကို ခိုင်တယ်မြဲတယ်ဟု ယူသည့် သဿတဒိဋ္ဌိ၊ ဖြစ်ပြီးလျှင်လည်းပျက်တာပဲ၊ ပြတ်တာပဲ၊ ဘာမှမရှိတော့ဘူးလို့ ယူတာက ဥစ္ဆေဒဒိဋ္ဌိပါ။ ဝိပဿနာဉာဏ် အမြင်ရှိသူမှာတော့ သဿတ ကော၊ ဥစ္ဆေဒ ကော ကင်းပါတယ်။ ဖြစ်တာကို ချည်းလည်းမယူ၊ ပျက်တာကိုချည်းလည်းမယူပါ။ ဖြစ်ပြီးတိုင်း ဖြစ်ပြီးတိုင်း ပျက်ပျက်သွားတဲ့ ဖြစ်သမျှပျက်တာပဲဆိုတဲ့ မမြဲပြောင်းလဲတဲ့ အနိစ္စသဘောကိုသာ သူယူပါတယ်။

သမာဓိအတော်အတန်ထူထောင်ပြီးပါက ကာယ၊စိတ္တ၊ ဝေဒနာ၊ ဓမ္မတို့အပေါ်တွင် ရှုချင်ရာရှု ရှုနိုင်ဖို့ပဲ လိုပါတယ်။ ဝေဒနာကို သည်းခံပယ်ခွာပြီး ခန္ဓာအစဉ်၊ စိတ်အစဉ်ကို တရစပ် ရှုပွားရပါမယ်။ သို့ဖြစ်လျှင် ကာယ ဝေဒနာ စိတ္တကိုပဲရှုရှု၊ သုံးပါးလုံးအကျုံးဝင်တဲ့ ဓမ္မကြောင်းကျိုးတွေကိုပဲ ရှုရှု ရှု၍ရသည်။ မိမိအားသန်ရာ ကာယ အပေါ်မှာသော်လည်းကောင်း၊ ဝေဒနာအပေါ်မှာသော်လည်းကောင်း ရှု၍ရပါတယ်။ အရှုစိတ်လေ သတိနှင့် သမာဓိတစ်ထပ်တည်းကျပြီး ဉာဏ်ဖြစ်ပျက်ကိုပဲ ပဓာနထားကာ သူ့သဘာဝပြောင်းလဲမှုတွေကို ကြိမ်ဖန်များစွာ ရှုခြင်းဖြင့် မမြဲမှုအနိစ္စ၊ ထပ်ကာထပ်ကာ ဖြစ်ချည်ပျက်ချည်၊ ပေါ်ချည်ပျောက်ချည်နဲ့ ဖြစ်ပြီးပျက်ပျက်နေတဲ့ ဆင်းရဲမှုသဘောဒုက္ခ၊ ဒီအနိစ္စသဘော၊ ဒုက္ခသဘောတွေဟာ တားမရဆီးမရ၊ ကိုယ်ကလုပ်တာလည်းမဟုတ်၊ ကိုယ်ကမဖြစ်ပါစေနဲ့လို့ တားထားလို့မရတဲ့ အနတ္တသဘောတွေပါလားဟု မြင်လာပါလိမ့်မယ်။ ဒါဆိုရင် ခန္ဓာမှာ သဘောဖြစ်ပျက်ကို မိလာပြီလို့ ဆိုနိုင်ပါတယ်။ သဘောဖြစ်ပျက်ကို မိပါများလာရင် ခန္ဓာကြီးရဲ့ အနှစ်သာရမရှိတဲ့သဘော၊ ဘေးဒုက္ခဝေဒနာတွေ ဆင်းရဲတွေသာ တစ်ခုပြီးတစ်ခုရှိနေပြီး ဇာတိကနေ မရဏထိ တစ်လျှောက်လုံးမှာလည်း ဒုက္ခတွေ။ အစမှာလည်း ဒုက္ခ၊ အလယ်မှာလည်းဒုက္ခ၊ အဆုံးမှာလည်း ဒုက္ခတွေပါလား၊ စက္ကန့်မလပ် ဒုက္ခတွေချည်းပါလားဟု မြင်လာပါလိမ့်မယ်။ အဲဒီအခါ မိမိဉာဏ်က ရုပ်နာမ်ကိုလည်းခွဲသိ၊ ဆက်စပ်နေတဲ့ ကြောင်းကျိုးသဘောတွေကိုလည်းသိကာ အသိတွေ ရင့်ကျက် ရင့်ကျက်လာလို့ စာဖတ်သူတို့ ကိုယ်စီရထားတဲ့ ခန္ဓာကိုယ်ကြီးကို မုန်းစိတ်ဝင်လာပါလိမ့်မယ်။ ခန္ဓာကိုယ်ကို မလိုချင်တော့တဲ့၊ ခန္ဓာပြန်မရချင်တဲ့ မုန်းဉာဏ်(နိဗ္ဗိန္ဒာဉာဏ်)ဝင်လာမှာ ဖြစ်တယ်။ ဒီအဆင့်ရောက်ဖို့ဆိုတာ စတင်အားထုတ်စ ယောဂီပုဂ္ဂိုလ်များအတွက် များစွာမှ လိုအပ်မှုရှိနိုင်ပါတယ်။ ကျင့်သားရပြီး ယောဂီများမှာတော့ ကြိုးစားရင်ကြိုးစားသလို ခရီးရောက်နိုင်မှာပါ။

အချုပ်အားဖြင့်တော့ ဘုရားရှင်လိုလားတဲ့ နိဗ္ဗာန်ရဲ့အစ ကိလေသာတွေကင်းပြတ်ဖို့ဆိုတာဟာ မိမိခန္ဓာကိုယ်ကြီးကိုရော တစ်ပါးသူခန္ဓာကိုယ်ရော သက်ရှိသက်မဲ့ အားလုံးအပေါ်မှာ ငါဘယ်လောက်ကင်းပြတ်ပြီလဲ၊ မုန်းဉာဏ် စရာကနေ မလိုချင်၊ မရချင်၊ ဖယ်ခွာချင်တဲ့စိတ်တွေ ဘယ်လောက်ထိထုံမွမ်းမှတ်ကျောက်တင်ပြီးပြီလဲဆိုတာ ကိုယ့်ဟာကိုယ် ဝိပဿနာပေတံ ထုတ်ထားပြီး တိုင်းတာကြည့်နိုင်ပါတယ်။

ဒီနေရာမှာ ပဉ္စဝဂ္ဂီငါးဦးတို့ ဝါဆိုလပြည့်ကျော်လေးရက်နေ့မှာ အားလုံး သောတာပန်အသီးသီး တစ်ရက်စီဖြစ်ခဲ့ကြပြီးနောက် ဝါဆိုလပြည့်ကျော်ငါးရက်နေ့မှာတော့ ပဉ္စဝဂ္ဂီရဟန်းများရဲ့ အရဟတ္တဖိုလ်အကျိုးငှာ အနတ္တလက္ခဏာသုတ်ကို ဆက်လက်ဟောကြားတော်မူခဲ့ပါတယ်။ ဒီဆောင်းပါးရဲ့ နိဂုံးကို အနတ္တလက္ခဏာသုတ်မှာ နိဗ္ဗိန္ဒာဉာဏ်မှစ၍ မဂ်ကိစ္စတစ်ဆယ့်ခြောက်ချက်ဖြစ်ပုံ ဟောစဉ်ပါဠိတော်မှအချို့ကို ထုတ်နုတ်ပြီး အဆုံးသတ်ပါရစေ-

ဤနေရာတွင်လောကုတ္တရာပညာဟူသည် မဂ်ကိစ္စပင်ဖြစ်သည်ကို နားလည်ရပါမယ်။ ဘုရားရှင်ဟောကြားတဲ့ပါဠိတော်မှာ-

သုတ ဝါ အရိယသာဝကော = ရုပ်,ဝေဒနာ,သညာယ သင်္ခါရ,ဝိညာဏ်ကို ငါ့ဟာမဟုတ် ငါမဟုတ်, ငါ့အတ္တမဟုတ်၊ အနိစ္စ၊ဒုက္ခ၊အနတ္တ သဘောတရားများဟု သိမြင်လျှင်

ရူပသ္မိံပိ နိဗ္ဗိန္ဒတိ = ရုပ်၌လည်း မပျော်မမွေ့ယ ငြီးငွေ့လေတော့သည်

အလားတူခန္ဓာငါးပါးဖြစ်သော ဝေဒနာ,သညာ,သင်္ခါရ, စိတ်ဝိညာဏ်တို့၌လည်း မပျော်မမွေ့ ငြီးငွေ့လေတော့သည်။ ငြီးငွေ့သည်ဆိုသည်မှ မလိုချင်တော့တာ၊ အပြီးသတ်ကို ပယ်စွန့်ပြီး မုန်းဉာဏ်ဝင်သွားတာ ဖြစ်သည်။ ထိုသို့မုန်းခြင်းသည် ခန္ဓာနှင့်ပတ်သက်၍ အတွင်းကောအပြင်ပါ ပြီးတော့စိတ်၌ခံစားမှုနှင့် သိမှုအရာအားလုံး မိမိခန္ဓာသာမက တစ်ပါးသူခန္ဓာအပါအဝင် ၃၁ဘုံရှိသမျှ ဘာကိုမှ မနှစ်သက်တော့တာဖြစ်တယ်။ တပ်မက်မှုကင်းတော့တာ ဖြစ်ပါတယ်။ ဤသို့တပ်မက်မှုကင်းခြင်းဟာ အရိယာမဂ်ပင် ဖြစ်ပါတယ်။ ဝိပဿနာအလုပ်ဟာ အဓိကအားဖြင့် အနှောင်အဖွဲ့ကိုဖြစ်စေသော ဘဝအသစ်(ဒုက္ခအစုအဝေး)များကို ဖြစ်စေသော အသစ်အသစ်ဖြစ်မှု မှန်သမျှချုပ်ငြိမ်းအောင် တစ်စစီ တစ်စစီ ပယ်ခွာသည့်အလုပ်ပင် ဖြစ်တယ်လို့ စာရေးသူ နားလည်ပါတယ်။

ပဉ္စဝဂ္ဂီတို့ရဲ့ တပ်မက်မှုကင်းသော အရိယာမဂ် ဖြစ်ပုံ၊ လွတ်မြောက်ပုံ၊ ဘဝသစ်ဖြစ်မှု ကုန်ဆုံးပုံကို အနတ္တလက္ခဏာသုတ်၌ ခုလိုဆိုပါတယ်။ -

| | |
|---|---|
| ခိဏာ ဇာတိ | = ဘဝသစ်ဖြစ်မှုကုန်ပြီ ။ |
| ဝုသိတံ ဗြဟ္မစရိယံ | = အကျင့်မြတ်ကိုကျင့်သုံးပြီးပြီ။ |
| ကတံ ကရဏီယံ | = ပြုဖွယ်ကိစ္စပြုပြီးပေပြီ ။ |
| နာပရံ ဣတ္ထတ္တာယာတိ | = "ဒီကိစ္စအတွက် အခြားတစ်ပါး |

မရှိတော့ပြီ"လို့ ဆင်ခြင်သိ သိမြင်လိုက်ကြတာပါ။

ဒါဟာ ပဉ္စဝဂ္ဂီတို့ ရဟန္တာဖြစ်သွားကြတာပါပဲ။ ဘဝသစ်မလာတော့ဘဲ ဘဝချုပ်ဆုံးကာ ကိလေသာအလုံးစုံ ကင်းပြတ်သွားတော့တာပါပဲ။ စာဖတ်သူမိတ်ဆွေအပေါင်း ဓမ္မစကြာသုတ်၊ အနတ္တလက္ခဏာသုတ်တို့ရဲ့ အနက်အဓိပ္ပာယ်များကို ဖတ်ရှုဆင်ခြင်ရင်း မိမိတို့ဝိပဿနာအလုပ်အတွက် ဉာဏ်အမြင်များမြင့်တက်ကာ အထောက်အကူရနိုင်ကြပါစေလို့ မေတ္တာဖြင့် ရေးသားလိုက်ရပါတယ်။

**ရေချမ်းမန်း**

# ဘူမိနယ်မြေ(၁၅) ဂဲမိုးအိုင်အား လာရောက်လေ့လာနိုင်

**ညောင်ဦး ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ကျောက်ပန်းတောင်း မြို့နယ်၏ အရှေ့မြောက်ဘက်ရှိ ပုပ္ပားတောင်သည် နှစ်သန်းပေါင်းများစွာက မီးတောင်ရှင်တစ်လုံး ဖြစ်ခဲ့ပြီး မီးတောင်ပေါက်ကွဲစဉ် မီးတောင်ပြာများ၊ ချော်တုန်း ချော်ခဲများ နှစ်ကာလကြာမြင့်လာချိန် အသွင်ပြောင်းလာရာမှ တန်ဖိုးမဖြတ်နိုင်သည့် ကျောက်ဆိုင်ကျောက်သားများဖြစ်လာကာ ကျောက်ပန်းတောင်းမြို့နယ် ကန်ပတ် လည်အုပ်စု၊ လဲဥကျေးရွာ၊ လက်ပံအိုင်ကျေးရွာအနီး ဘူမိနယ်မြေ(၁၅) ဂဲမိုးအိုင်အဖြစ် သတ်မှတ်ထားသောနေရာကို လာရောက်လေ့လာနိုင်ကြောင်း ပုပ္ပားတောင်ဥယျာဉ်အုပ်ချုပ်ရေးမှူးထံက သိရသည်။

ပုပ္ပားတောင်မကြီး တောင်ဘက်ခြမ်းရှိ ဂဲမိုးအိုင်ဒေသတစ်ဝိုက်တွင် ဘူမိသက်တမ်းအားဖြင့် မိုင်အိုဆင်းနှောင်းပိုင်းမှ ပလိုင်အိုဆင်း(လွန်ခဲ့သောနှစ်သန်းပေါင်း ၁၁ ဒသမ ၅ သန်းမှ ၂ သန်း) အတွင်း သက်တမ်းရှိ ဧရာဝတီကျောက်လွှာစု၏ သဲကျောက်၊ သဲမှုန့်ကျောက်များအပြင် ဟိုလိုဆင်း(Holocene)သက်တမ်းရှိ မီးတောင်ချော်မှုန့်ကျောက်များပေါ် ထွက်လျက်ရှိကြောင်း လေ့လာတွေ့ရှိနိုင်သည်။ ဂဲမိုးအိုင်သည် ထူးခြားသည့် ဘူမိရုပ်သွင်နေရာတစ်ခုဖြစ်ပြီး ဖြစ်စဉ်အားဖြင့် ပုပ္ပားမီးတောင် ပေါက်ကွဲစဉ်အခါက ထွက်ပေါ်လာသည့်ချော်မှုန့်များအေးခဲလာရာမှ ဖြစ်ပေါ်လာသော လပီလီချော်မှုန့်ကျောက် (Lapilli Tuff) များကို ထည်လဲချောင်းရေလျှင်မြန်စွာ စီးဝိုက်တိုက်စားမှုကြောင့်လည်းကောင်း၊ တိုက်စားကျင်းပေါက်များအတွင်း ရေသယ်ဆောင်ကျောက်များ ဝင်ရောက်နေရာယူပြီး အိမ်ခံမီးတောင်ကျောက်များအား တိုက်စားခံရခြင်းကြောင့်လည်းကောင်း ကျောက်စိုင်ကျောက်သားများပေါ်တွင် ရေကန်ကျယ်ပုံဖြစ်လာကာ ဒေသခံများက ဂဲမိုးအိုင်အဖြစ် ခေါ်ဝေါ်ခဲ့ရာမှ ဂဲမိုးအိုင်ဖြစ်ပေါ်လာသည်။ မီးတောင်ကျောက်များတိုက်စားခြင်းနှင့် တိုက်စားခံသွင်ပြင်လက္ခဏာ သာဓကများအနေဖြင့် လက်ငါးချောင်းပုံသဏ္ဍာန်အိုင်၊ ကျောက်ခဲကြီး ကျောက်သားစိုင်ကြီးအုပ်မိုးထားသည့် ဂဲမိုးအိုင်၊ စက်ဝိုင်းပုံ(သို့)စလင်ဒါကျောက်အိုးတွင်းများ (Portholes)၊ ကျောက်ခဲတစ်စိုနေသည့် ပုံသဏ္ဍာန်အိုင်(ခဲတစ်လုံးစို့အိုင်)နှင့် ရေဖြတ်သန်းစီးဆင်းရာ ချောက်ကမ်းပါးကျောက်လျှိုမြောင်အစရှိသည်တို့ကိုလာရောက်လေ့လာတွေ့ရှိနိုင်ကြောင်း၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ပုဂံရုံးခွဲ)မှလည်း ခရီးစဉ်ဒေသတစ်ခုအဖြစ် ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လေ့လာနိုင်ရန် ကွင်းဆင်းဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။



(ဝဲပုံ)(၄၈၁)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၂၀)ကြိမ်မြောက် မိသားစုထမနဲထိုးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်






**မန္တလေး ဖေဖော်ဝါရီ ၁၇**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ (၂၀) ကြိမ်မြောက် မိသားစုထမနဲထိုးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရှိ ဌာန(၁၄)ခုမှ အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့တော်ခန်းမရှေ့ ပရိဝုဏ်တွင် ဌာန(၁၄)ခုမှ မိသားစုဝင်များ ပျော်ရွှင်စွာဖြင့် ထမနဲအပြိုင်အဆိုင်ယှဉ်ပြိုင်ထိုးနေမှုများကို လိုက်လံကြည့်ရှုနှုတ်ဆက်အားပေးကြပြီး အမှတ်ပေးဒိုင်အဖွဲ့က အကဲဖြတ်အမှတ်များပေးခဲ့ကြသည်။

၎င်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို မြို့တော်ခန်းမတွင် ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိသားစုထမနဲထိုးပြိုင်ပွဲဝင်များအတွက် ဂုဏ်ပြုငွေကျပ်သိန်း (၂၀)ကို ချီးမြှင့်ခဲ့ပြီး မန်းစည်ပင်တေးဂီတအဖွဲ့မှ ဧည့်ခံဖျော်ဖြေမှုများကို ကြည့်ရှုအားပေး၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဆုရရှိသည့်ဌာနများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ

## ပဲတီစိမ်းခရမ်းရွှေဝါ ဝယ်လိုအားကောင်း ဈေးရ

ပြည်တွင်းပဲတီစိမ်းဈေးကွက်မှာ ပဲတီစိမ်း ခရမ်းရွှေဝါဝယ်လိုအားကောင်းဈေးကောင်းရနေပြီး ပိဿာ ၂၀ တစ်တင်းလျှင် ငွေကျပ် ၁၁၃၀၀၀ ထိ ပေါက်ဈေးရှိနေသည်။

ပဲတီစိမ်းခရမ်းရွှေဝါက တစ်နိုင်ငံလုံးမှာ ရန်ကုန်တိုင်းအတွင်းရှိ ခရမ်း၊ သုံးခွ၊ သန်လျင်မြို့နယ်ဘက်မှာသာ စိုက်ပျိုးထွက်ရှိတာဖြစ်ပြီး လက်ရှိမှာ ပဲတွေ စတင်ခူးဆွတ်နေပြီဖြစ်တာကြောင့် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံတွေက ဈေးကောင်းပေးဝယ်ယူလာကြသည်။

ရန်ကုန်ဈေးကွက်မှာ ပဲတီစိမ်း ခရမ်းရွှေဝါဈေးတန်းမြင့်နေသည့်အပြင် ဝယ်လိုအားလည်းကောင်းသောကြောင့် တောင်သူများက ခူးဆွတ်ခြွေလှေ့ပြီး ပဲတွေကို သိုလှောင်ထားတာမျိုးမရှိဘဲ ချက်ချင်းရောင်းချနေကြသည်။

ပြီးခဲ့တဲ့နှစ် ပဲတီစိမ်းခရမ်းရွှေဝါ ခူးဆွတ်ချိန်တုန်းက ပဲတစ်တင်းကို ငွေကျပ် ၉၂၀၀၀ ဝန်းကျင်သာရှိပြီး ယခုနှစ်မှာ တစ်တင်းကို ငွေကျပ် ၁၁၃,၀၀၀ အထိ ဈေးဖွင့်ဝယ်ယူလာတာကြောင့် ယခင်နှစ်ထက် တစ်တင်းလျှင် ငွေကျပ် ၂၀၀၀၀ ကျော်မြင့်တက်လာခြင်း ဖြစ်သည်။

ရန်ကုန်တိုင်းထဲ စိုက်ပျိုးသော ပဲတီစိမ်းရွှေဝါက အရည်အသွေးကောင်းပြီး အရောင်လှတာကြောင့် ပြည်တွင်းမှာစိုက်ပျိုးတဲ့ ပဲတီစိမ်းမျိုးတွေထက် ဈေးတန်းအမြင့်ဆုံးနှင့် ပဲအသစ်တွေ စတင်ပေါ်ချိန်မှာ ဈေးကွက်ဝယ်လိုအားအကောင်းဆုံးဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)ရွှေမန်း**



## တိုင်းရင်းဆေးပညာဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေး

**ဥတ္တရသီရိ ဖေဖော်ဝါရီ ၁၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ တောင်ညိုကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများအား တိုင်းရင်းဆေးပညာဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခြင်းကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက တောင်ညိုကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ နေပြည်တော် ခုတင် ၁၀၀ ဆံ့တိုင်းရင်းဆေးရုံကြီးမှ အကြီးတန်းတိုင်းရင်းဆေးမှူး ဦးစောမြတ်ဘုန်းကြွယ် ဦးစီးသောအဖွဲ့က အကြောအရိုးအဆစ်ရောဂါ၊ လေငန်းရောဂါ၊ ကလေးသူငယ်နာရောဂါ၊ မီးယပ်ရောဂါ၊ အနာပေါက်ရောဂါနှင့် အထွေထွေရောဂါများကို တောင်ညိုကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူ ၁၀၄ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ဆောင်ရွက်ပေးခဲ့ပြီး လိုအပ်သောဆေးဝါးများပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ

## အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှု ဖြင့် မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်း ဖြင့် ယနေ့ နံနက်ပိုင်းတွင် အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ အ·ထ·က(၁)ကျောင်း အနောက်ဘက်၊ လေးစုဓမ္မာရုံဝင်းအတွင်းတွင် ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချပေးမည့် အစီအစဉ်များမှာ ဖေဖော်ဝါရီ ၁၈ ရက်တွင် အောင်မြေသာစံမြို့နယ်၊ အကွက်အမှတ်(၃)၊ ဥပုသ်တော်ရပ်ကွက်၊ ၁၄လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြားတွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၁၉ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ အကွက် (၇၄၆)၊ ရန်မျိုးလုံရပ်ကွက်၊ ၇၂ လမ်း၊ လမ်း၃၀နှင့် ၃၁လမ်းကြားတွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၂၁ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆ လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂ လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**



# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၂၀)ကြိမ်မြောက် မိသားစုထမနဲထိုးပြိုင်ပွဲ မှတ်တမ်းဓာတ်ပုံများ

















# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၁၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မန္တလေးမြို့တော်အား Smart City, Green City, Clean City မြို့တော်အဖြစ် ဖြစ်ပေါ်တိုးတက်လာစေရန် မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် မြို့တွင်းလမ်းများကို နိုင်ငံတကာအဆင့်မီစေရန် နိုင်လွန်ကတ္တရာလမ်းခင်းခြင်းနှင့် ရေမြောင်း၊ တံတားများကို ခေတ်မီ Precast System ဖြင့် ပြောင်းလဲဆောင်ရွက်ပေးခြင်း၊ မြောင်းဖုံးများတပ်ဆင်ပေးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရန် သင်္ကေတအမှတ်အသားများ ရေးဆွဲခြင်း၊ လမ်းဘေး ဝဲ၊ ယာ ပလက်ဖောင်းများ အဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်း၊ လမ်းမီးတိုင်များနှင့် မီးပွိုင့်များ တိုးချဲ့ဆောင်ရွက်ပေးခြင်းနှင့် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ စသည်တို့ကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် မြို့တွင်း အဓိကလမ်းမကြီးများ သန့်ရှင်းသပ်ရပ်မှုရှိစေရန်အတွက် လမ်းများကို လစဉ် ရေဆေးသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လမ်းဘေး ဝဲ၊ ယာ ယာဉ်စည်းကမ်းပြ(ဖြူနီကြား၊ ဝါနက်ကြား)ဆေးများကို ပလက်ဖောင်း(Road Curb)လမ်းကာတုံးများတွင် ရေးဆွဲခြင်းလုပ်ငန်းများအား အဓိကလမ်းမကြီးများတွင် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ၂၆ လမ်းတစ်လျှောက် လမ်း ၈၀ မှ ၈၄လမ်းအထိ လမ်းဘေး ဝဲ၊ ယာ ပလက်ဖောင်း (Road Curb)များအား လမ်းတံတားဌာနမှ(ဖြူနီကြား၊ ဝါနက်ကြား)ဆေးလိုင်းများ ရေးဆွဲနေမှု၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ လမ်းလယ် Double Arm လမ်းမီးတိုင်များ ပြောင်းလဲတပ်ဆင်ပြီးသည့် လမ်းလယ်ခတတ်တိုင်များကြားတွင် ပန်းအိုးများ နေရာချထားဆောင်ရွက်ပြီးစီးမှုနှင့် အဆိုပါ လမ်းမကြီးတစ်လျှောက် သန့်ရှင်းသပ်ရပ်မှုရှိစေရန် ရေကားတစ်စီးဖြင့် သန့်ရှင်းရေးဌာနလုပ်သားများက စုပေါင်း၍ ရေဆေးသန့်ရှင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းလိုက်လံစစ်ဆေးသည်။



မြို့တော်ဝန်က ၂၆လမ်းမကြီးသည် ယာဉ်အသွား၊ အလာများပြားသည့် အဓိကလမ်းမကြီးဖြစ်သည့်အတွက် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရန် လမ်းဘေး ဝဲ၊ ယာတွင် မော်တော်ယာဉ်များကို နံနက် ၈ နာရီမှ ညနေ ၆ နာရီအတွင်း ရပ်တန့်ထားခြင်းများ မရှိစေရေးအတွက် လမ်းတံတားဌာနအနေဖြင့် သတိပေးဆိုင်းဘုတ်များ တပ်ဆင်ဆောင်ရွက်ပေးရန်၊ ပလက်ဖောင်းများတွင် ပြည်သူလူထုအန္တရာယ်ကင်းစွာ လမ်းလျှောက်သွားလာနိုင်ရန်အတွက် ကြော်ငြာဆိုင်းဘုတ်များ ထောင်ခြင်း၊ ဆိုင်ကယ်များ ပိတ်ဆို့ရပ်တန့်ထားခြင်းများ မရှိအောင် အခွန်ဌာနအနေဖြင့် ရှင်းလင်းပေးရန်၊ ၂၆ လမ်းမကြီးဘေး ဝဲ၊ ယာရှိ အပင်ကြီးများ၏ လျှပ်စစ်ကြိုးများနှင့် မလွတ်ကင်းသည့် သစ်ကိုင်းများ၊ လမ်းပေါ်အုပ်မိုးကျနေသည့် သစ်ကိုင်း၊ သစ်ခက်များကို ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနအနေဖြင့် အလင်းဖွင့်ရှင်းလင်းဆောင်ရွက်ပေးရန်တို့ ကိုမှာကြားပြီး လမ်းလယ်တစ်လျှောက် ကာရံထားသည့် သံပန်းအကာအရံများ ကောင်းမွန်ခြင်းရှိ/မရှိနှင့် လမ်းဘေး ဝဲ၊ ယာ ပလက်ဖောင်းများ၊ မြောင်းဖုံးများ ပြန်လည်ပြုပြင်ဆောင်ရွက်ပေးရမည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## ကန့်ဘလူမြို့၌ နွေရာသီကာလ သင်တန်းများ ဖွင့်လှစ်မည်

**ကန့်ဘလူ ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့တွင် ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်လူရွယ်များ နွေရာသီကာလအချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် ဖေဖော်ဝါရီ ၂၈ ရက်တွင် ကန့်ဘလူခရိုင် လူထုအခြေပြု ဗဟိုဌာန၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းတွင် ဆောင်းပါးရေးသားနည်းသင်တန်း၊ အခြေခံပန်းချီသင်တန်း၊ အခြေခံအင်္ဂလိပ်စာ(Grammar)သင်တန်း၊ ချည်ထိုးနည်းသင်တန်း၊ စာစီစာကုံးရေးသားနည်းသင်တန်းနှင့် Essay ရေးသားနည်းသင်တန်းများကို စာတွေ့လက်တွေ့ သင်ကြားပေးမည် ဖြစ်သည်။

ယင်းသင်တန်းများတွင် သင်ကြားသင်ယူမည့် သင်တန်းသားများတက်ရောက်နိုင်ရေးအတွက် ကန့်ဘလူမြို့ပေါ်ရှိ အခြေခံပညာကျောင်းပေါင်းခုနစ်ကျောင်းတို့၏ သက်ဆိုင်ရာကျောင်းအုပ်ကြီးများနှင့် ချိတ်ဆက်ခြင်း၊ သင်တန်းနည်းပြဆရာများနှင့်ချိတ်ဆက်ခြင်း၊ သင်တန်းများဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိရသည်။

(၄၈၀)



## (၁၁၂)ကြိမ်မြောက် သွေးလှူဒါန်း



**မန္တလေး ဖေဖော်ဝါရီ ၁၇**

စိန်ညီအစ်ကို သွေးလှူရှင်(မန္တလေး)မှ ဦးနိုင်ဦး(လူမှုထူးချွန်တတိယဆင့်)သည် ယနေ့နံနက် ၁၀ နာရီက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်တွင် (၁၁၂)ကြိမ် မြောက် ဇီဝိတဒါန သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(ဝ၄၁)

## မနတိုင်းရင်းသားအနုပညာရှင် ပန်းချီဝေဖြိုး၏ 'LADIES IN LEGEND'အမည်ဖြင့် ပထမအကြိမ် တစ်ကိုယ်တော်ပန်းချီပြပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၇**

မနတိုင်းရင်းသားအနုပညာရှင် ပန်းချီဝေဖြိုး၏ 'LADIES IN LEGEND'အမည်ဖြင့် ပထမအကြိမ် တစ်ကိုယ်တော်ပန်းချီပြပွဲကို ယနေ့ နံနက် ၉ နာရီက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၇၄ လမ်း GARDEN CITY APART- MENT COM- PLEX၊ TOWER အခန်းအမှတ် (၆၈-၆၉)ရှိ သီရိပစ္စယာအနုပညာပြခန်းတွင် ဖွင့်လှစ်ပြသသည်။

'ပန်းချီကားတွေ ရေးတာများလာပြီး SOLO လည်း မလုပ်ပေးဘူးတော့ လုပ်ဖြစ်သွားတာပါ အခရိုင်းလစ်(၃၆)ကားဖြစ်ပြီး အရွယ်ဆိုဒ်တွေကတော့ ၂ ပေ× ၃ ပေဆိုဒ်အရွယ်အစားများပါ တယ်' ဟု ပန်းချီဝေဖြိုးက ပြောသည်။



အဆိုပါ ပန်းချီပြပွဲကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၁၉ ရက်အထိ (၃)ရက်တိုင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်၍ ပန်းချီချစ်မြတ်နိုးသူများ လာရောက် လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။ (ကျော်မင်းသော်)

## ကျောက်ဆည်မြို့နယ်တွင် ခရမ်းချဉ်သီးနံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် ဆန်စပါးအပြင် ရာသီအလိုက် ကာလတို/ကာလရှည် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ရန်ပုံနှစ်ကျေးရွာ တောင်သူဦးတင်ထွန်း စိုက်ပျိုးထားသော ခရမ်းချဉ်သီးနံ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းနှင့် ဈေးကောင်းရရှိရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ခရမ်းချဉ်စိုက်ပျိုးခြင်းများနှင့် ပတ်သတ်၍ ခရမ်းချဉ်သီးနံသည် ပျိုးထောင်ချိန်မှစတင်ပြီး ခူးဆွတ်ရောင်းချိန်အထိ အမြဲဂရုစိုက်ရသည့် သီးနံအမျိုးအစားဖြစ်ပြီး ကုန်ကျစရိတ်များပြားကြောင်း စိုက်ပျိုးမြေအမျိုးအစားနှင့်ရာသီဥတု အခြေအနေပေါ်မူတည်၍ ရေသွင်းခြင်း၊ အပင်အားတိုးဆေးနှင့် ပိုးမွှားနှိမ်နင်းဆေးများ အသုံးပြုရကြောင်း၊ ပံတံဆိပ် ခရမ်းချဉ်မျိုး(၂)ထုပ် စိုက်ပျိုးပါက ငွေကျပ် ၁၀ သိန်းခန့်ကုန်ကျကြောင်း စိုက်ပျိုးပြီး ၄၅ ရက်တွင် အသီးများစတင်ခူးဆွတ်နိုင်ကြောင်း ခရမ်းချဉ်သီးနံစိုက်ပျိုးသည့် တောင်သူများထံမှ သိရသည်။

ကျောက်ဆည်မြို့နယ်တွင် စီးပွားဖြစ် ခရမ်းချဉ်သီးနံ စိုက်ပျိုးသူများအနေဖြင့် ပံတံဆိပ် ခရမ်းချဉ်မျိုးများ အဓိကထား စိုက်ပျိုးကြကြောင်းနှင့် စိုက်ပျိုးမည်ဆိုပါက သဘာဝမြေဩဇာဖြစ်သည့် နွားချေး၊ ကွန်ပေါင်းဓာတ်မြေဩဇာများနှင့် ထယ်ရေးညက်ညက် မြေပြုပြင်ထားရကြောင်း၊ ရေသွင်းရေထုတ်ကောင်းမွန်စေရန်အတွက် မြေပေါင်များပြုလုပ်၍ ပလတ်စတစ်အပါးစများခင်းထားပါက ရေအငွေ့အလွင့်နည်းပါးပြီး ပေါင်းမြက်ပေါက်ရောက်မှု သက်သာပြီး အပင်ဖြစ်ထွန်းမှုကောင်းပြီး အသီးထွက်နှုန်း ကောင်းမွန်ကြောင်း သိရသည်။

(အောက်ပုံ)

သက်မောင်(ကျောက်ဆည်)

ဝ-ဝ-ဝ-ဝ



## တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)၌ တိုင်းရင်းဆေးပညာစဉ်ဆက်မပြတ် ပညာပေးရေး အစီအစဉ် CTME အခမ်းအနား ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၇**

တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)နှင့် မြန်မာနိုင်ငံ တိုင်းရင်း ဆေးဆရာအသင်း(မန္တလေးတိုင်းဒေသကြီး)တို့ ပူးပေါင်းစီစဉ်ကျင်းပသော တိုင်းရင်းဆေးပညာစဉ်ဆက်မပြတ် ပညာပေးရေး အစီအစဉ် CTME အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊အိုးဖိုရွှေကျင်ရပ်ကွက်ရှိ တိုင်းရင်းဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပသည်။

CTME အခမ်းအနားတွင် သဘာပတိများအဖြစ် ပါမောက္ခ ဦးဝင်းနိုင်၊ ဒုတိယပါမောက္ခချုပ် (သင်ကြား-ငြိမ်း)ဂုဏ်ထူးဆောင် ပါမောက္ခ၊တိုင်းရင်းဆေးတက္ကသိုလ်မန္တလေးမြို့၊ ဒေါ်မိုးသီတာဝင်း၊ ခုတင် (၁၀၀)ဆံ့သင်ကြားရေးတိုင်းရင်းဆေးရုံအုပ်ကြီး မန္တလေးမြို့က ဆောင်ရွက်ကြပြီး သဘာပတိ ပါမောက္ခက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် CTME အခမ်းအနားဖြစ်မြောက်ရေး ကူညီပံ့ပိုးသူ ဦးသန့်စင်ထွန်း + ဒေါ်ခိုင်စံပယ်၊ မင်းမြန်မာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ ဖြူးမြို့၊ ပဲခူးတိုင်းဒေသကြီးတို့အား တိုင်းရင်းဆေးတက္ကသိုလ်ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ သိန်းဇော်လင်းက ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ CTME အခမ်းအနားကို ကျင်းပရာ "နက္ခတ် ၂၇လုံးနှင့် လူသားတို့၏ "ကျန်းမာရေးအခန်းကဏ္ဍ"အကြောင်းကို ဒေါ်သီတာဦး၊ ကထိက၊ ဆေးပညာဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးမြို့ကလည်းကောင်း၊ "ဂေါက်အဆစ်ရောင်ရောဂါ (VA-TARAKTA)" အကြောင်းကို ဒေါ်မြသီတာစိုး၊ နည်းပြ၊ ဆေးပညာဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးမြို့က လည်းကောင်း ဟောပြောပြီး တက်ရောက်လာသူများ၏ သိလိုသည်များ မေးမြန်းမှုများအပေါ် ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။



အခမ်းအနားသို့ တိုင်းရင်းတက္ကသိုလ်၊ဒုတိယပါမောက္ခချုပ်(စီမံ)ဦးတင့်လွင်၊ဒုတိယပါမောက္ခချုပ်(သင်ကြား)ပါမောက္ခဌေးလွင်၊ ပါမောက္ခ၊ ဌာနမှူးများ တိုင်းရင်းဆေးပညာဦးစီးဌာန(မန္တလေးတိုင်းဒေသကြီး) ဒုတိယတိုင်း ဦးစီးမှူး ဒေါ်ချိုသဲလတ်၊ အငြိမ်းစားဆရာကြီးများ၊ ကထိက၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(မန္တလေးတိုင်းဒေသကြီး)အလုပ်အမှုဆောင် ဦးသင်း၊ ဖိတ်ကြားထားသူများ၊ တိုင်းရင်းဆေးပညာ စိတ်ပါဝင်စားသူများတက်ရောက်ကြပြီး ယနေ့ပြုလုပ်သော အခမ်းအနားသည် ၂၀၀၉ခုနှစ် မေလမှအစပြု၍ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်ထိ (၁၂၃)ကြိမ်မြောက် CTME စာတမ်းဖတ်ပွဲဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ) (၀၇၀)**

## တောင်တွင်းကြီးမြို့ မြို့မဈေးအတွင်း ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ အခမဲ့ ဖြန့်ဝေ

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး၊တောင်တွင်းကြီးမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး၊ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း (Campaign)နှင့် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ယနေ့ နံနက် ၇ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့မဈေး အကျိုးတော်ဆောင်အဖွဲ့များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ် ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာများ ယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ ဖြန့်ဝေခဲ့ကာ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ် အသုံးပြုမှု လျှော့ချရေးအတွက် အသိပညာပေး (Campaign) ပြုလုပ်ခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

**(အောက်ပုံ)**

**နောင်နောင်(ဗိသုနိုးမြေ)**

*-*-*-*-*





## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း ၉၀ ကျပ် ဈေးကျဆင်း

စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း ယခုတစ်ပတ်မှာ ဈေးအနည်းငယ်ပြန်ကျဆင်းလာရာ တစ်ပိဿာလျှင် ငွေကျပ် ၆၉၈၅ ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန် ကြေညာထားသည်။

ပြီးခဲ့သည့် တစ်ပတ် ၁၀-၂-၂၀၂၅ မှ ၁၆-၂-၂၀၂၅ ရက်ထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးသည် တစ်ပိဿာလျှင် ငွေကျပ် ၇၀၇၅ ဖြစ်ခဲ့ပြီး ယခုတစ်ပတ် ၁၇-၂-၂၀၂၅ မှ ၂၃-၂-၂၀၂၅ ရည်ညွှန်းဈေးသည် ငွေကျပ် ၆၉၈၅ ဖြစ်သဖြင့် ၉၀ ကျပ် ဈေးကျသွားခြင်းဖြစ်သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိပါသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်ထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၅)**

*-*-*-*-*

ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## စုပေါင်းဆင်နွှဲ ထမနဲပွဲ

* ရာသီအေးမြ ဆောင်းအလှ၏
လှပကြော့ရှင်း ဆောင်းယမင်းသည်
ကြည်လင်ဖြူလွ ပုလဲစတို့
ရွှရွှနှင်းကာ ကစားလာပြီ
ရာသီအေးကဲ တပို့တွဲ ။

* နှင်းမှုန်ပြန့်ကြဲ တပို့တွဲ၏
လှူပွဲတင့်ဆန်း ယာဂုဆွမ်းသည်
တင့်လျှမ်းဝေဖြာ မျိုးစုံစွာတို့
ရောကာကြိတ်ခြေ စုပေါင်းစေ၍
ခေါ်လေစဉ်မြဲ ထမနဲ ။

* စွမ်းအားညီညာ စုပေါင်းကာဖြင့်
မေတ္တာယှဉ်တွဲ ထမနဲနှင့်
ဆင့်ကဲ မီးဖုန်း ပေါင်းစုရုန်း၍
ရွှင်ပြုံးညွတ်ခ လှူဒါန်းကြသည်
မြတ်စွ ခါပွဲ တပို့တွဲ ။

* ဗုဒ္ဓ ရှင်ချစ် ဖြစ်သည့်နှစ်တွင်
မြွက်လုစ် စကား ဆုံးမထားသည့်
မိန့်ကြား ဩဝါ ဆိုသည်မှာကား
ပါတီမောက်ခေါ် တရားတော်ကို
ဟောဖော်ညွှန်ပြ တပို့တွဲလ ။

* ညီနောင်သားချင်း ဆွေမျိုးရင်းတို့
ချစ်ချင်းတူစွ သည်းခံကြ၍
လတပို့တွဲ ထမနဲလို
လက်တွဲမဖြုတ် မျိုးဂုဏ်ပုဒ်ကို
မယုတ် မနွမ်း သယ်ပိုးထမ်းကာ
စခန်းသစ်ဆီ လှမ်းလို့ချီစို့ ။

**ပန်းသစ္စာ(ပုသိမ်ကြီး)**

သတင်းပဒေသာ

## ရှမ်းပြည်နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလစာပြန်ပွဲကျင်းပ

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်၌ ပရိယတ္တိစာပေကျမ်းဂန်တတ်မြောက်သည့် ရဟန်းသံဃာတော်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ (၄၅)ကြိမ်မြောက် ရှမ်းပြည်နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလစာပြန်ပွဲကို ယမန်နေ့မှစ၍ မိုင်းကိုင်မြို့နယ်၏ စာဖြေဌာနများဖြစ်သော မြို့လယ်ဓမ္မာရုံ၊ မဇ္ဈိမာရာမ ပရိယတ္တိစာသင်တိုက်တို့တွင် ကျင်းပလျက်ရှိသည်။

စာပြန်ပွဲတော်ကို ဖေဖော်ဝါရီ ၁၃ ရက်မှ ဖေဖော်ဝါရီ ၂၁ ရက်အထိ မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီအထိ ကိုးရက်တာ ကျင်းပလျက်ရှိသည်။ မိုင်းကိုင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၂၇ ကျောင်းမှ အခြေခံအဆင့် ၁၀၇ ပါး၊ မူလပထမအဆင့် ၁၃၃ ပါး၊ မူလဒုတိယအဆင့် ၁၃၁ ပါး၊ မူလတတိယအဆင့် ၇၈ပါး၊ အလယ်တန်းပထမအဆင့် ၆၀ ပါး ရှင်သာမဏေစုစုပေါင်း ၅၀၉ ပါးတို့က ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ၊ ပါဠိ၊ ရှမ်းစာ၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ နှုတ်ဖြေအာဂုံဆောင် စသည့်ဘာသာရပ်များကို ဝင်ရောက်ဖြေဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့တွင် မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်ဖြင့် ကာယစွမ်းရည်ပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက ဟုမ္မလင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမူကြိုကျောင်းတွင် ကျင်းပသည်။ ဟုမ္မလင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမူကြိုကျောင်းမှ ကြီးမှူးကျင်းပ၍ မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ်အဖြစ် အိတ်စွပ်ခုန်၊ ဘောလုံးညှပ်၊ ထိုင်ခုံလု၊ မုန့်ကိုက်၊ လွန်ဆွဲ၊ သနပ်ခါးလူး စသည် ပျော်ပွဲရွှင်ပွဲကျင်းပပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးဆွေးနွေး

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရေရှည်ခိုင်မာစေရန်အတွက် စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉နာရီက ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ် မိုင်းသောက်ကျေးရွာ ရောင်ခြည်ဦးစာကြည့်တိုက်၌ ပြုလုပ်ခဲ့သည်။ ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာလင်းက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်မေမေနီက စာကြည့်တိုက်များ ရှင်သန်ဖြစ်ထွန်းအောင်မြင်စေရေးအတွက် ဖောင်ဒေးရှင်းမှ ကူညီဆောင်ရွက်ပေးနေမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမ၌ ဉာဏ်စမ်းပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခတ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်စေရန်နှင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်ရည်ရွယ်၍ ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမ၌ ဉာဏ်စမ်းပြိုင်ပွဲ ကျင်းပသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြိုင်ပွဲဝင်ကလေးများအား ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ဉာဏ်စမ်းပြိုင်ပွဲကျင်းပရာ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၀ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



## မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်ရန်နှင့် မဟာသုဝဏ္ဏပါသာဒ ကျောင်းတော်တိုင်အမှတ်(၅၀) ရွှေချပူဇော်ရန် ငွေလှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၁၇**

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ဘက်စုံပြုပြင်ရန်၊ ရွှေသင်္ကန်းကပ်လှူရန်၊ လျှပ်စစ်မီးပူဇော်ရန်ငွေများနှင့် ချိတ်ဆွဲရန် ရွှေထည်ပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိသည်။ ဖေဖော်ဝါရီ ၁၆ရက် နံနက်ပိုင်းက မဟာမုနိဘုရားကြီးအား လျှပ်စစ်မီးပူဇော်ရန် မုံရွာမြို့နေ ဦးမျိုးမင်းလတ်+ဒေါ်အေးအေးဇင်(စက်သုံးဆီရောင်းဝယ်ရေး)မိသားစုက မဟာသုဝဏ္ဏပါသာဒကျောင်းတော်တိုင်အမှတ်(၅၀)အား ရွှေချကပ်လှူပူဇော်ရန် ငွေကျပ် ၅၅သိန်းကို လည်းကောင်း၊ မန္တလေးမြို့နေ ဦးဝင်းမြင့်+ဒေါ်ဆွေဆွေဝမ်း မိသားစုက ဘက်စုံပြုပြင်ရန် ငွေကျပ် ၁၀သိန်းတို့ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

မဟာမုနိဘုရားကြီးသို့ ရွှေသင်္ကန်းကပ်လှူရန်၊ ဘက်စုံပြုပြင်ရန်၊ ကျောင်းတော်ရွှေချရန်၊ ဓာတ်မီးတော်ပူဇော်ရန်၊ ငွေပဒေသာပင်စိုက်ထူရန် အလှူငွေလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် KBZBank ငွေစာရင်းအမှတ် 087302 06100449 101 နှင့် UAB ဘဏ် ငွေစာရင်းအမှတ် 01 7130 100012259 နှင့်နိုင်ငံခြားငွေစာရင်းအမှတ် 01 7012 1000 00750 နှင့် ဖုန်း ၀၉-၄၄၄၀၄၄၄၇၅၊ ၀၉-၄၀၂၅ ၉၉၉၁၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (ကဆ)

## ဝန်ထမ်းမိသားစုများ ဘုံဆွမ်းလောင်းလှူ ကုသိုလ်ပြု

**မန္တလေး ဖေဖော်ဝါရီ ၁၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆လမ်း၊ ၆၈လမ်းနှင့်လမ်း၇၀ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစုများ စုပေါင်း၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော ဆရာတော်၊သံဃာတော်များအား ဘုံဆွမ်းလောင်းလှူကုသိုလ်ပြုကြသည်။



ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်လေးရပ်မှကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက (၁၁၈)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ဝက်ပုန်းရည်လက်ပံခေါင်းအိုးကြီးနပ်၊ ပဲတီချဉ်သုပ်တို့ကို ၃၆လမ်းနှင့်၆၉လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော် ၂၅၀ကျော်တို့အား နံနက် ၅နာရီခွဲမှ စတင်လောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (မန္တလေးနေ့စဉ်-၃)

## ချောက်မြို့ရှိ စွယ်တော်မြတ်စေတီ(အပူရှောင်စခန်း) အလှူငွေထည့်ဝင်နိုင်ရေး အစည်းအဝေးကျင်းပ

**အောင်လံ ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ချောက်မြို့နယ်စွယ်တော်မြတ်စေတီ(အပူရှောင်စခန်း) တည်ထားကိုးကွယ်ရာတွင် အလှူငွေထည့်ဝင်နိုင်ရေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီက အောင်လံခရိုင်၊ စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အောင်လံမြို့ပေါ်ရှိ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင်က အဖွင့်အမှာစကားပြောကြားရာတွင် မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်တွင် ဉာဏ်တော်အမြင့် ၈၁ ပေရှိ လူဦးရေ ၅၀၀ ဦးခန့် ဝင်ဆံ့သည့် စွယ်တော်မြတ်စေတီ တည်ထားကိုးကွယ်လျက်ရှိရာ ကုန်ကျငွေခန့်မှန်းပမာဏ ငွေကျပ် ၆ ဒသမ ၅ ဘီလီယံခန့် ကုန်ကျမည်ဖြစ်ရာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ၁ ဒသမ ၅ဘီလီယံအား လှူဒါန်းမည်ဖြစ်ပြီး ကျန် ငါးဘီလီယံအား မကွေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးနှင့်ပတ်သက်၍ အကျယ်တဝံ့ ပြောကြားခဲ့သည်။

ဆက်လက်၍ အောင်လံခရိုင်အနေဖြင့် တစ်လလျှင် ငွေကျပ်သိန်း ၉၅၀ကျော်ခန့်ဖြင့် ၁၀လအတွက် ငွေကျပ်သိန်း ၉၅၀၀ ကျော် ထည့်ဝင်လှူဒါန်းရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့အထိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အောင်လံခရိုင်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ ပြည်သူများမှ ထည့်ဝင်ငွေကျပ်သိန်း ၅၅၀ကျော်အား ထည့်ဝင်လှူဒါန်းပြီးဖြစ်သည်။

ထို့နောက် တက်ရောက်လာသော ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးအောင်မိုးမှ ငွေကျပ်သိန်း ၁၀၀၊ ကုန်သည်ကြီးများအသင်းလုပ်ငန်းရှင်များမှ ငွေကျပ်သိန်း ၅၀၊ တက်ရောက်လာသောလုပ်ငန်းရှင်များမှ ငွေကျပ်သိန်း ၅၀၊ စုစုပေါင်း ငွေကျပ်သိန်း ၂၀၀ရရှိခဲ့ပြီး လုပ်ငန်းအမျိုးအစားအလိုက် ထည့်ဝင်လှူဒါန်းနိုင်ရန်အတွက် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ) မျိုးသိန်း(ပြန်/ဆက်)



## သာသနာ့အထူးကုဆေးရုံကြီးသို့ ဆေးပဒေသာပင်လှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၁၇**

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင်ချုပ် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ၆၂လမ်းရှိ ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ အလှူရှင် မန္တလေးမြို့နေ ဦးသန်းဝင်း+ဒေါ်ခင်မာမာ၊ (သမီး) မချစ်ဆုဝေ (၃၁)နှစ်ပြည့်မွေးနေ့ မင်္ဂလာအလှူအဖြစ် ဆေးပဒေသာပင်အလှူငွေကျပ် နှစ်သိန်းငါးသောင်းကို ယမန်နေ့က ဆေးရုံအလှူခံဌာနတွင် လာရောက်လှူဒါန်းရာ ဆေးရုံဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။

ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ ဆေးပဒေသာပင် ဆွမ်းပဒေသာပင်နှင့် အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါက ၆၂ လမ်းနှင့်၁၅လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာန ၀၉-၈၉၂၉၅၃၀၈၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကဆ)

# မကောင်းမပြတ် နေ့စဉ်ဖတ်

## နိုင်ဗလ

**'စာမဖတ်ချင်တဲ့သူတစ်ယောက်ကို စာဖတ်ချင်လာအောင်၊ စာဖတ်ဝါသနာပါလာအောင် ဘယ်လိုမှ လုပ်လို့မရပါဘူး။ စာဖတ်ဝါသနာရှိတဲ့သူကိုလည်း စာမဖတ်အောင် ဘယ်လိုမှ တားထားလို့မရဘူး'ဟု ဆရာကြီး ဇွေဥဒေါင်းက ဆိုခဲ့၊ မိန့်ခဲ့ဖူးသည်။** မှန်ပေသည်။ စာဖတ်ခြင်းဆိုသည်မှာ မိမိကိုယ်တိုင် ဆန္ဒပါမှသာ လုပ်တတ်၊ ဖတ်တတ်ကြပြီး မဖတ်ချင်လျှင် စာအုပ်ကို ရှောင်ကြသည်မှာ ဓမ္မတာဖြစ်သည်။

လူတိုင်း ဝါသနာနှင့် ဗီဇသည် မွေးကတည်းကပင် ပါလာတတ်ကြသည်။ ပန်းချီဆရာဖြစ်မည့်သူတစ်ယောက်သည် ငယ်စဉ်ကတည်းကပင် အရုပ်ရေးဖို့သာ အာရုံစိုက်သကဲ့သို့ အင်ဂျင်နီယာဖြစ်မည့်သူကလည်း ငယ်စဉ်ကတည်း က စက်မှုဆိုင်ရာများ စက်ကိရိယာများကို ကြည့်နေ၊ ကိုင်နေ၊ စပ်စုနေရလျှင် ကျေနပ်နေကြသူများ ဖြစ်သည်။ ထိုဝါသနာနှင့် ဗီဇကို ပတ်ဝန်းကျင်က ပြုပြင်ပြောင်းလဲပေးလိုက်လျှင် ကြီးစွာသော ပြောင်းလဲမှုအကြောင်းတရား ဖြစ်လာတတ်သည်။ စက်မှုပညာ ဝါသနာပါသူဖြစ်စေ၊ ဆေးပညာ ဝါသနာပါသူဖြစ်စေ၊ စာပေရေးရာ စာဖတ်ဝါသနာပါသူဖြစ်စေ အမှန်တကယ် ထွန်းပေါက်၊ တိုးတက်လာသူ၊ အမှန်တကယ် စာဖတ်လာသူတို့ကို လေ့လာကြည့်မည်ဆိုပါက ထိုသူတို့တွင် စံပြပုဂ္ဂိုလ်သည် ဒုတိယအထောက်အပံ့ဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ ထိုစံပြပုဂ္ဂိုလ်ကို ကြည့်၍ လေ့လာရင်း မူရင်းဓာတ်ခံ ဝါသနာဗီဇမျိုးစေ့ တိုးတက်ရသည်ဆိုက လွန်အံ့မထင်။

ကျွန်တော် ကျောင်းမတက်ခင်က အစ်ကို၊ အစ်မများ စာဖတ်လျှင်၊ စာကျက်လျှင် လွန်စွာ သဘောကျသည်။ စာအုပ်ထဲတွင် ခဲတံ၊ မှင်တံတို့ဖြင့် ရေးခြစ်ထားသည်များကို ကြည့်ရင်း တရစပ် ရွတ်ဖတ် အော်ဟစ်ဆိုနေကြသည်။ သာယာနာပျော်ဖွယ်ရှိသော ကဗျာလင်္ကာများကိုလည်း ရွတ်ကြသည်။ သူငယ်ချင်းများနှင့်လည်း သီချင်းများ ပြိုင်တူဆိုကြသည်။ စာအုပ်ထဲမှ စာသားများ ကြည့်၍ ညီညာစွာဖြင့် သီဆိုတတ်ကြသည်။ ဒေါ်ကြီးကလည်း ဘုရားစင်ရှေ့တွင် စာအုပ်ဖွင့်၍ ဘုရားရှိခိုး၊ ပရိတ်တရားတော်များကို နံနက်၊ ညတိုင်း ရွတ်ဖတ်သည်။ စာအုပ်ထဲတွင် ရေးခြစ်၊ ပုံနှိပ်ထားသော ဝိုင်းစက်စက် ပုရွက်ဆိတ်များ တန်းစီသွားသကဲ့သို့ စာလုံးများသည် လူတိုင်းအတွက် အရေးပါ၊ အသုံးကျလှကြောင်း သတိပြုမိခဲ့သည်။ ကျောင်းမနေရခင်ကတည်းက စာဖတ်ခြင်းဝါသနာပါခဲ့၍ တွေ့ရာစာအုပ် ကောက်ကိုင်၍ အစ်ကို၊ အစ်မများ ရွတ်ဆိုစဉ် နားထောင်ရင်းရနေသော စာသားများကို ဟန်ပါပါဖြင့် ရွတ်ဆိုခဲ့သည်။ မိဘများက လွန်စွာ သဘောကျသည်။ စာအုပ်များကို မစုတ်ပြဲစေရန် သာ ပြောဆိုပြီး စာအုပ်များကို လွတ်လပ်စွာ ကိုင်တွယ်စေခဲ့သည်။ အစ်ကို၊ အစ်မများ၏ ကျောင်းသုံးပုံနှိပ်စာအုပ်များထဲမှ သရုပ်ဖော်ပုံများကို ကြည့်၍ မိမိစိတ်ထဲတွင် ပေါ်လာသမျှကို စာဖတ်သည့်လေသံဖြင့် ရွတ်ဖတ်ခဲ့သည်။ ကျွန်တော် ထိုကဲ့သို့ စာအော်ဆိုတိုင်း ပရိသတ် ရှိသည်။ အမိက ပရိသတ်မှာ ဖခင်ဖြစ်သည်။ စာအုပ်ထဲမှပုံသည် စာဖတ်ပုံဖြစ်က 'သားသား စာဖတ်နေပါသည်'ဟု အော်ဆိုသည်က ကလေးများ ကစားနေသောပုံတွေ့က 'သားသားတို့ ကစားကြပါသည်'ဟု ရွတ်သည်။ ဖခင်က ရွှေသွေး၊ တေဇ စသော ကာတွန်းစာစောင်များ ဝယ်လာပေးလျှင် ပျော်သည်။ ကာတွန်းဖတ်ချင်၍ ကျောင်းနေပြီး စာတတ်သော အစ်ကို၊ အစ်မများက အလျင်ဖတ်လို၍ တောင်းလျှင် ဖခင်ဖြစ်သူက 'စာမတတ်တဲ့ကလေးကို အရင်ပေးပါ။ သူဘယ်လိုဖတ်လည်း ကြည့်နေ၊ ပြီးရင် မင်းတို့က ပြန်ဖတ်ပြ'ဟု ဆိုသည်။ ရွှေသွေး၊ တေဇ စာစောင်ထဲမှ ပုံများကြည့်၍ စာများကို ကျွန်တော် အော်တော့သည်။ ရုပ်ပုံများကိုကြည့်၍ စိတ်ထဲပေါ်သမျှ ပါးစပ်ဖြင့် ဝါကျစီ၍ ရွတ်တော့သည်။ အစ်ကို၊ အစ်မများဖတ်သောအလှည့်တွင် ဘေးမှထိုင်၍ နားထောင်သည်။ အသံထွက်ဖတ်ကြ၍ အဓိပ္ပာယ်အမှန်ကို သိရသည်။ ထို့ကြောင့် စာကို ပို၍ ဖတ်တတ်ချင်လာသည်။ ကျွန်တော် လေးနှစ်ပြည့်သည့်အခါ အစ်ကို၊ အစ်မများက က,ကြီး၊ ခ,ခွေး စသင်တော့သည်။ အမေက ကျောက်သင်ပုန်းဝယ်ပေးသည်။ အစ်မက ကျောက်သင်ပုန်းတွင် မျဉ်းဆွဲပေးသည်။ ကျွန်တော်ရေးသမျှ မျဉ်းဆွဲပေးရသဖြင့် အစ်မခင်ဗျာ ညည်းရှာသည်။ ထိုအကျိုးကျေးဇူးကြောင့် သူငယ်တန်း စတက်သည်နှင့် အများထက်ထူးစွာ သင်ကြားသမျှကို အလွယ်တကူတတ်ခဲ့သည်။ မူလတန်းကတည်းကပင် စာစီစာကုံးကို အချိုးကျကျ ရေးတတ်ခဲ့သည်။ ငယ်စဉ်က ဝါသနာနှင့် ပတ်ဝန်းကျင်၏ ပံ့ပိုးမှုကြောင့်ပင် ဖြစ်သည်။

မူလတန်းစာဖတ်တတ်စတွင်ပင် တွေ့သမျှ စာအုပ် ဖတ်တော့သည်။ မိမိငါးတန်းအရောက်တွင် မြန်မာလိုရေးထားသော သူငယ်တန်းမှ ၁၀ တန်းထိ စာများကို နားလည်သည်ဖြစ်စေ၊ မလည်သည်ဖြစ်စေ အကြိမ်ကြိမ်ဖတ်ပြီး ဖြစ်နေသည်။ ထို့ကြောင့်ပင် အခြေခံပညာအထက်တန်းစာမေးပွဲအား အလွယ် တကူ အောင်ခဲ့ခြင်းဖြစ်သည်။

ကလေးငယ်များ စာဖတ်ရန် ကာတွန်းနှင့် ပုံပြင် ဒဏ္ဍာရီများကလည်း တွန်းအားပေးသည်။ နောက်ဘာဖြစ်မလဲဆိုသော သိချင်စိတ်ကလည်း စာဖတ်ချင်စိတ်ကို နှိုးဆွပေးသည်။ စာဖတ်ချင်စိတ်ကို ပျိုးထောင်ပေးရန် အသက်အရွယ်အလိုက် စိတ်ပါဝင်စားမည့်စာများ၊ စာအုပ်များကို အလွယ်တကူရရန် စီစဉ်ပေးနိုင်ရမည်ဖြစ်သည်။ စာဖတ်တတ်တိုင်း စာဖတ်ဝါသနာမပါကြ။ မိမိ၏ စံပြပုဂ္ဂိုလ်ကလည်း အရေးကြီးသည်။ ကျွန်တော်၏ ဖခင်သည် ကျွန်တော်၏ စံပြပုဂ္ဂိုလ် ဖြစ်သည်။ ဖခင်မှာ သာမန်တပ်မတော်သားတစ်ဦးမျှသာ ဖြစ်သော်လည်း ငယ်စဉ်ကတည်းက စာပေအလေ့ မွေ့လျော်ခဲ့သူဖြစ်သည်။ အင်္ဂလိပ်၊ ဂျပန်ခေတ်များကို သိမှီခဲ့သည်။ ဘုန်းကြီးကျောင်းသားဖြစ်သော်လည်း အင်္ဂလိပ်စာ အခြေခံတတ်သည်။ ဂျပန်များ မြန်မာပြည် မဝင်ခင်ကတည်းက ဂျပန်လိုလည်း တတ်ကျွမ်းသည်။ ထို့ကြောင့်ပင် စစ်အတွင်းကာလ၌ပင် ဖခင်တို့ရွာအား အန္တရာယ်ပြုလိုသူများခဲ့သည်။ တပ်မတော်တွင်းရောက်၍ စက်မှုလက်မှုပညာရပ်များကို ဂျပန်နည်းပြများနှင့် သင်ယူခဲ့ရာတွင်လည်း ထူးချွန်ခဲ့သည်။ ငယ်စဉ်ကတည်းက စာပေလေ့လာခဲ့သောအကျိုးပင် ဖြစ်သည်။ တစ်ချိန်က မဟာမုနိဘုရားကြီး၊ ကုသိုလ်တော်တရားပိုင်းတို့တွင် မည်သည့်ဘာသာရေးပွဲလုပ်လုပ် ဖခင် ပါဝင်ဦးဆောင်ခဲ့ရသည်။ မိမိတပ်ပတ်ဝန်းကျင်တွင်လည်း ဘာသာရေးဦးဆောင်သူအဖြစ် မည်သည့်ဒေသရောက်ရောက် ထမ်းဆောင်ရသည်။ အခြားနတ်ကိုးကွယ်သူများဆိုင်ရာ တိုင်းရင်းသားဓလေ့များကိုလည်း ဦးဆောင် ဆောင်ရွက်ပေးသဖြင့် ဘယ်နေရာရောက်ရောက် မျက်နှာပွင့်ခဲ့သည်။ ဖခင်ကို အတုယူ၍ ကိုယ်ဝါသနာလည်းပါ၊ စံပြပုဂ္ဂိုလ်၏ စေ့ဆော်မှုလည်းပါသဖြင့် စာဖတ်ခြင်းအမှု ပြုခဲ့သည်။

**'တစ်ပုဒ်ပြီးလျှင် တစ်ပုဒ် ဘယ်လိုလာဦးမလဲ သိလိုစော ပြင်းထန်လှသောကြောင့် မရပ်မနား ဖတ်သွား၏။ ဖတ်တုန်းမှာလည်း အရသာရှိလှ၏။ တစ်ပုဒ်ထက် တစ်ပုဒ် အမြင်ကျယ်သွား၏။ ရှေးက မတွေးမိ၊ မကြံမိ၊ သဘောမပေါက်မိခဲ့သော အနက်အဓိပ္ပာယ်များသည် ဘွားကနဲ၊ ဘွားကနဲ ပေါ်လာ၏။ ရှေးက အရသာမရှိ၊ အဆင်းမလှဟု ထင်ခဲ့ရသော ထိုကျမ်းများသည် မျက်စိထဲ လှပနေ၏။ ယခင်က ဖျင်းရိဖွယ်ရာ ခြောက်ကပ်နေသော လွင်တီးခေါင်ကြီးသည် ယခုအခါ ပန်းပေါင်းစုံပွင့်သော ဥယျာဉ်ကြီးကဲ့သို့ ဖြစ်၍နေပါသည်'ဟု ဆရာကြီးဧယျ၏ ဖတ်ချင်တဲ့စာ ဖတ်၊ ဆောင်းပါးတွင် ဖတ်ဖူးခဲ့သည်။ 'စာအုပ်ကောင်းသည် အကောင်းဆုံးမိတ်ဆွေဖြစ်သည်။ နောင်တစ်သက်လုံးလည်း အရင်းချာဆုံး မိတ်ဆွေဖြစ်သည်'**ဟု မာတင်ပင်းက ပြောသည်။ **'စာဖတ်ခြင်းသည် အကောင်းဆုံးအပေါင်းအသင်း၊ ရောင်းရင်းများနှင့် တပူးတွဲတွဲနေရခြင်းဖြစ်သည်'** ဟုလည်း ဆစ်ဒနီစမတ်က ဆိုခဲ့ပြန်သည်။ **'စာအုပ်များကို ဖတ်ရခြင်းသည် ရှေးပဝေသဏီက မိတ်ဆွေသင်္ဂဟများနှင့် စကားလက်ဆုံကျဘိသကဲ့သို့ဖြစ်သည်'**ဟုလည်း ဒက်စကားတီးဆိုသူက မိန့်ကြားခဲ့သေးသည်။ **'သင်၏စာဖတ်ဝါသနာကို ရည်ရွယ်ချက်က စိုးမိုးစေရမည်။ စာအုပ်တစ်အုပ်ကို ဖတ်လျှင် ရည်ရွယ်ချက် မည်မည်ရရ ရှိရမည်။ ထိုရည်ရွယ်ချက်ကို စာအုပ်က မဖြည့်တင်းနိုင်လျှင် ထိုစာအုပ်ကို လိမ္မာရေးခြားရှိစွာ အသုံးပြုသည် မမည်'**ဟု ဆာဂျွန်အဒမ်က ပြောခဲ့ဖူးသည်။ **'ကြည်နူးနှစ်သက်မှုအတွက် စာဖတ်ခြင်း(အပျော်ဖတ်ခြင်း)သည် အထုံဗီဇပါမှ ဖြစ်နိုင်သည်။ လောကသဘာဝ၊ လူ့သဘာဝကို ကြားတတ်၊ မြင်တတ်၊ ဆင်ခြင်တတ်စေသော အဖွဲ့အနွဲ့များကို ဖတ်ခြင်းသည်သာ တကယ့်စာဖတ်ဝါသနာဖြစ်သည်။ စာဖတ်ဝါသနာပါသူသည် စာတ်လမ်းကောင်း၊ လူ့စရိုက်အဖွဲ့ကောင်းနှင့် ရသစာပေ အရည်အသွေးကောင်းကို ဖတ်သည်။ အပျင်းပြေစာဖတ်ခြင်း၊ အဖော်အပျော် သက်သက်စာဖတ်ခြင်း၊ ဗဟုသုတရအောင် စာဖတ်ခြင်းသည် စာဖတ်ဝါသနာမဟုတ်။ စာဖတ် ဝါသနာ၏ အပိုထုတ်ပစ္စည်း (By Product) သာဖြစ်သည်'** ဟု တစ်ချိန်က ယဉ်ကျေးမှု ဗိမာန်ညွှန်ကြားရေးမှူး ဦးသန်းထွတ်က ပြောခဲ့သည်။ **'စာသာဖတ်၊ စာဖတ်လျှင် လူတစ်ဦးသည် မြို့၊ ရွာ၊ နိုင်ငံများကို မသိမ်းပိုက်၊ မပိုင်ဆိုင်သော်လည်း မင်းစကြာစ၊ မင်းနိုးရာဇာ စတို့၏ ချမ်းသာစည်းစိမ်းထက် ကြီးမားသောစည်းစိမ်ကို ရသည်။ စာအုပ်များသည် အတွေးအခေါ်၊ သယံဇာတ ရွှေကြောကြီးဖြစ်သည်။ တူးဖော်လိုက်လျှင် သုံးမကုန်သော ရွှေများကို ရရှိနိုင်သည်'**ဟု ဂျိမ်းစ်ကလီမင် ဆိုသူကလည်း တင်ပြထားသည်။ **'ကောင်းမြတ်သော စာအုပ်၊ ယုတ်ညံ့သောစာအုပ်ဟူ၍ မရှိ၊ အရေးအသား ကောင်းမွန်သောစာအုပ်၊ အရေးအသား ချာတူးလန်သော စာအုပ်တို့သာရှိ၏'** ဟု အင်္ဂလိပ် စာရေးဆရာကြီး အော်စကာဝိုင်းက ပြောခဲ့သည်။ **'အလွန်ကြီးမားသော လူထုကြီးသည် စာဖတ်တတ်သည်။ သို့သော် ဖတ်သင့်ဖတ်ထိုက်သော စာကို မခွဲခြားနိုင်ကြချေ'** ဟု အင်္ဂလိပ်သမိုင်းဆရာကြီး ထရီဗယ်လျန်က ပြောခဲ့သည်။

'မှတ်ဖွယ်ရာရာ၊ ထိုထိုစာကို၊ ရှာ၍ မပြတ် အိမ်တွင် ဖတ်'ဆိုသော စကားသည် ငယ်စဉ်ကတည်းက ကျွန်တော်တို့ သိခဲ့ပြီးဖြစ်သည်။ **'ဖတ်ကောင်းရာကို ဝါသနာစရိုက်၊ ဝသီလိုက်၍ ငါ၌အစဉ်စွဲကပ်တည်း'** ဟူသော မန်လည်ဆရာတော်ကြီး၏ စကားသည်လည်း သတိထားရမည့် အဆိုအမိန့်ဖြစ်သည်။ ဖတ်ချင်ရာ ဖတ်သည်ထက် 'ဖတ်ကောင်းရာ'ဆိုသည်ကို ညွှန်းထားသည်မှာ သတိပြုဖွယ်ရာ စကားထူးဖြစ်ပေသည်။ 'စာဖတ်တယ်ဆိုတာ တွေးခေါ်တာကို ဘေးချိတ်ဖို့လုပ်တာ၊ စာဖတ်တာ အချိန်ဖြုန်းလို့ အကောင်းဆုံးပဲ'ဟူသော ပရမ်းပတာစကားမျိုးကို အဟုတ်ထင်မိလျှင်လည်း စာကို အဖြုန်းဖတ်ဘက်ရောက်သွားစေသည်ဟု ဆရာကြီး ဦးဝင်းတင်က ဆုံးမခဲ့ဖူးသည်။

ကလေးများ၊ လူငယ်များ စာဖတ်ရန်အတွက် ပင်ကိုဗီဇဝါသနာကို နှိုးဆွပေးနိုင်ရမည်။ ကလေးလူငယ်များ လက်လှမ်းမီသော နေရာတွင် ဖတ်ဖွယ်ရာရာစာအုပ်များ ရှိနေရမည်။ စာကြည့်တိုက်များကလည်း စာပေမွေ့လျော်မှုကို ပျိုးထောင်ပေးနိုင်ရမည်ဖြစ်သည်။ ဉာဏ်အမြင်တိမ်၊ စာမျက်စေ့ကို ကန်းစေသော ပရမ်းပတာစကားများကိုလည်း နားမယောင်သင့်၊ နားယောင်က အလွဲအမှားများဖြင့် စာစိတ္တဇစွဲကပ်တတ်သည်ဟူသော ဆရာကြီး ဦးဝင်းတင်၏ စကားကို ထောက်၍ စာဖတ်ခြင်းဆိုင်ရာ အဆိုအမိန့်များကို လေ့လာရင်း မိမိဝါသနာနှင့် ချိန်ထိုးကာ စာပေများကို မကင်းမပြတ် နေ့စဉ်ဖတ်နိုင်စေရန် ညွှန်းဆိုလိုက်ရပေသည်။





# သာစည်မြို့နယ်၌ ရာဂီမုန်တိုင်းကြောင့် ပျက်စီးခဲ့သည့်လမ်းများ ပြုပြင်ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**သာစည် ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၌ ရာဂီမုန်တိုင်းကြောင့် ပျက်စီးခဲ့သည့် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ တာချီလိတ်သွား လမ်းပြုပြင်ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးသည် မိတ္ထီလာခရိုင်လမ်းဦးစီးဌာနနှင့် သာစည်မြို့နယ် လမ်းဦးစီးဌာနတို့မှ တာဝန်ရှိသူများ လိုက်ပါပြီး ဖေဖော်ဝါရီ ၁၅ ရက်နံနက်က ကွင်းဆင်းကြည့်ရှုခဲ့သည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း တစ်လျှောက် လမ်းပြုပြင်ဆောင်ရွက်နေမှု၊ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် မိုင် ၄၇/၁ နှင့် ၄၇/၃ အတွင်း လမ်းတာပေါင်ပျက်စီးနေမှုများအား Gabion Box ဖြင့် မြေထိန်းနံရံတည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တောင်ပေါ်ဒေသ လမ်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက် (B.O.T) မှ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၄၈၇)

# ရေသန့်စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**ကျွန်းလှ ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ ကျီကုန်းကျေးရွာအုပ်စု၊ စသာကုန်းကျေးရွာတွင် ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်၊ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သော ရေသန့်စက်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါရေသန့်စက်တပ်ဆင်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရန်ပုံငွေကျပ် ၁၅ သိန်း၊ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၅၅ သိန်း၊ စုစုပေါင်း ၁၇ ဒသမ ၅၅ သိန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါလုပ်ငန်းများပြီးစီးသည့်အတွက် အိမ်ခြေ ၁၀၉ အိမ်၊ လူဦးရေ ၅၉၇ ဦးတို့အား သန့်ရှင်းသော သောက်သုံးရေ သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။



(အောက်ပုံ)

(၄၈၀)

*-*-*-*-*-*-*

# ပေါ်ဦးပေါ်စ ရာသီစာ သမုန်းဖူး၊ သမုန်းပွင့်များ ဈေးကွက်အတွင်းသို့ ရောက်ရှိလာပြီး ဈေးနှုန်းကောင်းဖြင့် ရောင်းချနေရ

**ညောင်ဦး ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ မဏိစည်သူဈေးနှင့် ကျောက်ပန်းတောင်းမြို့၊ မြို့မဈေးသို့ ပေါ်ဦးပေါ်စ သမုန်းဖူး၊ သမုန်းပွင့်များ ဈေးနှုန်းကောင်းစွာ ရောင်းချခြင်းဖြင့် သမုန်းဖူး ခူးဆွတ်ရောင်းချသူများ ဈေးနှုန်းကောင်းရရှိနေပြီး တစ်ဆင့်ပြန်လည် ရောင်းချသူများလည်း အဆင်ပြေကြောင်း သမုန်းဖူးတစ်ဆင့် ပြန်လည်ရောင်းချသည့် ကျောက်ပန်းတောင်းမြို့နယ်၊ ဝွေးကုန်းကျေးရွာ ဦးမင်းလတ်ထံက သိရသည်။

ညောင်ဦးမြို့နယ်တွင် တုရင်တောင်တောင်တန်းဘေးရှိ ကျေးရွာများ၊ ငါ့သရောက်မြို့ရှိ ကျေးရွာများ၊ ကျောက်ပန်းတောင်းမြို့နယ် သမုန်းဖူး၊ သမုန်းပွင့် ခူးယူရောင်းချကြသည့် ရွာသစ်ကျေးရွာ၊ ဝွေးကုန်းကျေးရွာ၊လက်ပံအိုင့်ကျေးရွာနှင့် လဲ့ဂွကျေးရွာများမှ ကျေးလက်တောင်သူများသည် အလေ့ကျပေါက်သည့် သမုန်းပင်များ ဖူးပွင့်ချိန် ဇန်နဝါရီလကုန်လောက်နှင့် ဖေဖော်ဝါရီလတို့တွင် စတင်ဖူးပွင့်ကြကာ ခူးဆွတ်ရောင်းချကြကြောင်း၊ သမုန်းပင်များသည် ဖူးပွင့်ချိန် အချိန်ကွာခြားမှုရှိကြကာ အောက်တောတွင် ပေါက်ရောက်သည့် သမုန်းပင်များသည် အဖူး အပွင့် ပွင့်ချိန်စောကာ အထက်တောတွင် ပေါက်ရောက်သည့် သမုန်းပင်များ အဖူးအပွင့်နောက်ကျကြောင်း ဝွေးကုန်းကျေးရွာ သမုန်းပွင့်ခူးရောင်းချသူတစ်ဦးက ရှင်းပြသည်။ အထက်တော၊ အောက်တောဆိုသည်မှာ ပုပ္ပားတောင်ကြိုးဝိုင်းတောအတွင်း အပင်များအား အထက်တောခေါ်ကာ ရွာနီးချောင်းစပ်ပေါက်ရောက်သည့် သမုန်းပင်များအား အောက်တောအပင်များဖြစ်ကြောင်း သမုန်းဖူး၊ သမုန်းပွင့် ခူးရာတွင် အင်မတန်လက်ဝင်ကာ တစ်နေကုန်ခူးမှ ငါးပိဿာလောက်သာ ရကြောင်း၊ ဖူးသည့်၊ ပွင့်သည့် အပင်တွေ့မှလည်း ငါးပိဿာရရှိကြောင်း၊ နှစ်စဉ်နှစ်တိုင်း သမုန်းဖူးပေါ်ချိန် ဘယ်တောဘယ်အပင် ဘယ်နေ့ဘယ်ရက်ပေါ်ကြောင်း၊ ဖူးကြောင်း၊ မှတ်မိနေကြကာ ဝါကြီးထပ်သည့်နှစ်၊ ဝါကြီးမထပ်သည့်နှစ် ရက်စွဲများမှတ်သားကြကာ သွားရောက်ရှာဖွေစရာမလိုဘဲ ခူးကြရသည်။



သမုန်းဖူးပေါ်စက နှစ်ဆယ့်ငါးကျပ်သားကို ၅၀၀၀ မှ ၇၅၀၀ အထိ ရောင်းချရပြီး ဆွတ်ခူးရောင်းချသူများက ညောင်ဦးမြို့ မဏိစည်သူဈေး၊ ကျောက်ပန်းတောင်းဈေးသို့ တစ်ဆင့်သွင်းရောင်းချခြင်း၊ တစ်ဆင့်ကုန်သည်များက ရန်ကုန်၊မန္တလေးဈေးကွက်သို့ တစ်ဆင့်ပြန်လည်တင်ပို့ရောင်းချကြရာ သမုန်းဖူးခူးဆွတ်ရောင်းချသူများ တစ်ရက်လျှင်ငွေကျပ် ငါးသောင်းမှ ခုနစ်သောင်းထိဝင်ငွေရရှိနေကြောင်း သိရသည်။

(ဝဲပုံ)

**ဒီပါလင်း**

# ပူပြင်းမှုဒဏ်ခံနိုင်သော နွေနှမ်းစိုက်ပျိုးပါ

နှမ်းပင်သည် ရေဝတ်သည့်ဒဏ်ကိုမခံနိုင်ပါ။ နှမ်းပင်သည် မိုးများသည့်ဒဏ်၊ ရေများသည့်ဒဏ်ကိုလည်း မခံနိုင်ပါ။ နှမ်းပင်အပင်ကြီးလာလျှင် ပင်စည်ရိုး၌ ဖော့သားကပ်လာပြီး ပင်စည်အတွင်းသား အပိတ်မဟုတ်ဘဲ အခေါင်းပွဖြစ်သွားသည်။ နှမ်းမျိုးစေ့သည် ရေအနည်းငယ်ရှိသော မြေအစိုဓာတ်နှင့် အပင်ပေါက်နိုင်သည်။ မိုးများလျှင်လည်း အပင်ငယ်များ ရေဝပ်၍ သေနိုင်သည်။ ဆင်းရတနာ(၅) နှမ်းမျိုးသည် နွေရာသီမိုးကြိုကာလ ရေသွင်းနှမ်းစိုက်ပျိုးရန် သင့်လျော်ပြီး ပူပြင်းမှုဒဏ်ခံနိုင်၍ အထွက်ကောင်းသော ရက်(၈၀) ဝန်းကျင်ရှိသည့် နှမ်းမျိုးဖြစ်သည်။

ပူပြင်းသောနွေရာသီ၌ သက်လျှင် နွေနှမ်းသည် နှမ်းပင်၏ အမြစ်များ ရေသောက်မြစ်ရှည်ရှည် မြေကြီးထဲတိုးဝင်ပြီး ဘေးမြစ်များလည်းဖြာထွက်သည်။ မြေပေါ်၌ အစိုဓာတ်နည်းချိန် မြေအောက်ရှိ မြေတွင်းရေကို ရရှိအောင်ထိုးဖောက်ဆင်းရခြင်းဖြစ်သည်။ နှမ်းရွက်ရှိရေငွေ့ပျံနိုင်သော အပေါက်များသည် သေးငယ်တတ်ပါသည်။

မိုးနှမ်း၊ ဆောင်းနှမ်း၊ နွေနှမ်း စိုက်ကြရာတွင် စိုက်ပျိုးရေသေချာလျှင် နှမ်းထွက်သေချာပြီး အထွက်ကောင်းသောနွေနှမ်းကို မျိုးကောင်းမျိုးသန့် ရွေးချယ်၍ စိုက်ပျိုးသင့်ပါသည်။ နှမ်းစေ့သည်သေးငယ်သဖြင့် ထွန်ရေးမှုန့်ညက်မှအညှောင့်လွယ်ကူစွာ ပေါက်ရောက်နိုင်သည်။ ဆည်ရေသောက်ဒေသရှိ နှမ်းစိုက်သူများသည် နွေနှမ်းကို အားထားစိုက်ပျိုးကြသည်။ မိုးနှမ်းစိုက်ပျိုးမှုသည် မိုးရွာမှုမရှိလျှင် နှမ်းမထွက်၊ နှမ်းပျက်သည်။ ထိုအခါ ဆောင်းနှမ်းကို အားပြုစိုက်ကြရသည်။

နွေနှမ်းမှာ နှမ်းစိုက်ချိန်ကာလသုံးပါးတွင် ရေရာသေချာဆုံး ရေသွင်းနှမ်းဖြစ်သည်။ တချို့အရပ်ဒေသတွင် မိုးကြိုနှမ်းဟုလည်း ခေါ်ကြသည်။ ရေသွင်းနှမ်းဟုလည်းခေါ်သည်။ နှမ်းပင်သည် ရေပေးသွင်း စိုက်ပျိုးနိုင်လျှင် အထွက်နှုန်းကောင်းပါသည်။ နှမ်းစိုက်ဒေသအများစုသည် မိုးရေကို မျှော်ကိုးစိုက်ကြရသဖြင့် မိုးရွာမှုပုံမှန်မဖြစ်လျှင် နှမ်းအထွက်နည်းကြရခြင်းဖြစ်သည်။ နွေနှမ်းသည် အလင်းရောင်လုံလောက်အောင်ရရှိပြီး နှမ်းပင်ရေလိုအပ်ချိန်၌ ရေသွင်းပေးသဖြင့် နှမ်းထွက်ကောင်းခြင်းဖြစ်သည်။ မိုးစိုက်၊ ဆောင်းစိုက်ထက် နှမ်းပိုထွက်သည်။ နွေနှမ်းတွင် စနစ်တကျရေပေးသွင်းရန်လိုသည်။ နှမ်းပင်အခြေ ရေမဝပ်ရန် စိမ့်ရေဖြင့်ရရှိအောင် ရေပေးမြောင်းစနစ်ဖြင့် ရေသွင်းရသည်။

ဘောင်ကြီးတင်(ပေါင်တင်) ခြင်း၊ ဘောင်သုံးတန်းတွင် ရေသွင်းမြောင်းထားရှိခြင်း၊ ဘောင်တစ်ဘောင် ရေမြောင်းတစ်ခုထားရှိခြင်းစသည့် ရေသွင်းနည်းစနစ်ဖြင့် နှမ်းစေ့မှ အညှောင့်ပေါက်ချိန်(စိုက်ရေ)၊ ပွင့်ဖူးပေါ်ချိန်၊ အပွင့်များ ဖြိုင်ဖြိုင်ပွင့်ချိန်တို့တွင် သင့်တင့်မျှတသော ရေကိုမဖြစ်မနေပေးသွင်းရသည်။ ဤအချိန်ကာလသုံးကြိမ်တွင် ပန်းဖြိုင်ဖြိုင်ပွင့်ချိန်တွင် ရေအလိုအပ်ဆုံးဖြစ်သည်။ ရေပြတ်လျှင် သီးတောင့်နည်း၍ နှမ်းစေ့မအောင်မြင် အဖျင်းများသည်။ ရေသွင်းမြောင်းမှ ရေသည်စိုက်ခင်းရှိ စိုက်ဘောင်များထိပ်ပိုင်းရှိ မြေသားစိမ့်ရေရရှိသည်အထိ ပေးသွင်းရသည်။ ဘောင်များအထိရောက်အောင် မသွင်းရပါ။ ရေများ သွားနိုင်သည်။ ရေပေးရမည့်အကြိမ်သည် စိုက်ခင်းရှိ မြေအမျိုးအစားပေါ်မူတည်သည်။ ပူခြင်း၊ အေးခြင်း ရာသီဥတုအပေါ် မူတည်သည်။ ရေသွင်းရမည့်အစီအစဉ်ကို တစ်ထစ်ချသတ်မှတ်၍ မရနိုင်ပါ။

ရေသွင်း နှမ်းစိုက်ရာတွင် စိုက်ချိန်စောလွန်းလျှင် အအေးဓာတ်ကြောင့် အပင်ပေါက်မကောင်းနိုင်သလို စိုက်ချိန်နောက်ကျလွန်းပါကလည်း စိုက်ပျိုးသည့် မျိုး၏ သက်တမ်းအလိုက် ရိတ်သိမ်းချိန်တွင် မိုးလွတ်နိုင်ရန် ချင့်ချိန်တွက်ချက်ရပါမည်။ထို့ကြောင့် နှမ်းကောင်းရလိုလျှင် ရေသွင်းနှမ်းကို မိုးကြိုကာလနွေရာသီ ဖေဖော်ဝါရီလလယ်မှ မတ်လဆန်းအတွင်း စိုက်ပျိုးကြရပါမည်။ **ရွှေမန်း**



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Kenny Ho က Andy Lau ကို သတိရကြောင်း ပြောကြားထား

ဟောင်ကောင်နာမည်ကြီး အနုပညာရှင်များဖြစ်ကြပြီး တစ်ခေတ်တစ်ခါက ပရိသတ်အားပေးမှု ရရှိထားကြသည့် ကန်နီဟို(ခေါ်)ဟော်ကျားကျင့်က အန်ဒီလျို(ခေါ်)လျိုကျယ်ဟွာကို သတိရနေကြောင်း ပြောကြားထားသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကန်နီဟို(ခေါ်)ဟော်ကျားကျင့်သည် ကျန်းကျောင်းဇာတ်ရုပ်နှင့် လူကြိုက်များခဲ့ပြီး လက်ရှိအသက် ၆၅ နှစ်နှင့် အားကစားလိုက်စား၍ ကျန်းမာကာ ဘောလုံးကန်နေဆဲဖြစ်ပြီး အနုပညာလောကနှင့်အတူ ရှိနေသင့်သော်လည်း ပွဲမတက်ဖြစ်ဘဲ ရှိနေခဲ့သည်။



တစ်ခေတ်တစ်ခါက ရင်းနှီးကျွမ်းဝင်ခဲ့သည့် အနုပညာရှင်များနှင့် ဝေးကွာနေရာမှ အတူရိုက်ကူးခဲ့သည့် အနုပညာရှင် အန်ဒီလျို(ခေါ်)လျိုကျယ်ဟွာကိုမူ အထူးသတိရကြောင်း အင်တာဗျူးတစ်ခုတွင် ကန်နီဟိုက ပြောကြားထား၍ ပရိသတ်များက သူတို့နှစ်ဦးငယ်နုစဉ်က ရုပ်ရှင်ကို သတိတရဖြစ်ခဲ့ကြသည်။

(SKY)




## ဒါရိုက်တာ David Fincher က အင်္ဂလိပ် Squid Game လာမည်ဟု အတည်ပြုထား

နက်ဖလစ်မှ ၂၀၂၁ ခုနှစ်တွင် စတင်ထုတ်လွှင့်ခဲ့သည့် ကိုရီးယားဇာတ်လမ်းတွဲ Squid Game ကို အပိုင်းနှစ်နှင့်သုံးထိ ထပ်မံရိုက်ကူးထားပြီး ၂၀၂၅တွင် အဆုံးသတ်မည်ဖြစ်ပြီး ဒါရိုက်တာဒေဗစ်ဖင်ချာက အင်္ဂလိပ်ဗားရှင်း Squid Game ကို ပြုလုပ်နေပြီဖြစ်ကြောင်း အတည်ပြုပြောကြားထားသည်ဟု ကိုရီးယားဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားဒါရိုက်တာ ဟွမ်ဒေါင်ဟွတ်၏ ပြောကြားချက်အရ ၂၀၀၈ ခုနှစ်မှစ၍ ဇာတ်လမ်းရေးသားကာ နက်ဖလစ်မှ ထုတ်လွှင့်အပြီး ကမ္ဘာတစ်ဝန်းအောင်မြင်ခဲ့၍ အပိုင်းနှစ်နှင့်သုံးကို ဆက်ရေးခဲ့ကာ အပိုင်းနှစ်မှာ ခုနှစ်ပိုင်းပါပြီး အတွဲသုံးအထိ ဆွဲခေါ်ရခြင်းမှာ ဇာတ်လမ်းရှည်သွား၍ဖြစ်ကြောင်း၊ လက်ရှိ Squid Game နှင့် ပတ်သက်၍ မူလကိုရီးယားဇာတ်လမ်းတွဲ ၂၀၂၃ ခုနှစ်ထုတ် Squid Game: The Challenge အမည်နှင့် ရသစုံရှိုးတစ်ခုရှိကြောင်း ပြောကြားထားသည်။

ဆက်လက်၍ နောက်ထပ်အခင်းအကျင်းအဖြစ် ဒါရိုက်တာကြီး ဒေဗစ်ဖင်ချာက အင်္ဂလိပ်ဗားရှင်းနှင့် ပြန်လည်ရိုက်ကူးရန် ပြုလုပ်နေပြီး ယင်းပရောဂျက်တွင် သူ အကြံပေး(သို့မဟုတ်)ပူးတွဲထုတ်လုပ်သူအဖြစ် ပါဝင်မည်ဟု The Wrap တွင် ပြောကြားသွားသည်။

(SKY)

## Xiao Zhan နှင့် People Magazine အင်တာဗျူး ထွက်ရှိလာ

တရုတ်အနုပညာရှင် ရှောင်းကျန့်နှင့် People Magazine အင်တာဗျူးတွင် လွန်ခဲ့သော ငါးနှစ်နှင့်လက်ရှိအချိန်ပြောင်းလဲမှု ရှိ၊ မရှိ အင်တာဗျူးထွက်ရှိလာခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရှောင်းကျန့်နှင့် People Magazine အင်တာဗျူးကို လွန်ခဲ့သော ငါးနှစ်အသက် ၂၈ နှစ်အရွယ်က ပြုလုပ်ခဲ့ချိန်တွင် စိုးရိမ်ပူပန်မှုများစွာရှိခဲ့ပြီး အနုပညာလောကသို့ နောက်ကျမှုဝင်ခဲ့ပြီး အနုပညာဆက်လက်ရှင်သန်ခွင့် မရမည်တို့ ပါဝင်ခဲ့သည်ဟု တက်သစ်စ ရှောင်းကျန့်က ဖြေဆိုခဲ့သည်။

အနုပညာလုပ်ခွင့်ရသည့်အတွက်ကံကောင်းသည်ဟု ယူဆပြီး အကောင်းဆုံးကြိုးစားမှုနှင့် ဆက်လှမ်းခဲ့ကာ ပျော်ရွှင်မှု မရှိသည့်တစ်နေ့ လုံလောက်သည်ဟု ခံစားရသည့်တစ်နေ့တွင် ပေါင်မုန့်ဆိုင်ဖွင့်ထားရန် စိတ်ကူးထားသည်ဟု ထပ်မံပြောကြားခဲ့သည်။

ငါးနှစ်ကြာပြီးနောက် အသက် ၃၃နှစ်နှင့် ရှောင်းကျန့်ကို အဆိုပါ အင်တာဗျူးနှင့် ပြန်တွေ့ရာတွင် စိတ်ပိုင်းဆိုင်ရာတိုးတက်မှုများနှင့် လူ့သဘော၊ သဘာဝများကို နားလည်၍ ပိုမိုရင့်ကျက်၊ လွတ်လပ်လာခဲ့ကာ အနုပညာချစ်စိတ်မှာ မပြောင်းမလဲနှင့်ပျော်ရွှင်မှုများ ယူဆောင်နေဆဲ ဖြစ်သည်။

(SKY)




## အိုမင်းလာသည့် အရေပြားတွင် ဒဏ်ရာပျောက်ကင်းမှုကို မြှင့်တင်ပေးနိုင်မည့် ကုသမှုတစ်ရပ် ဖော်ထုတ်နိုင်

အမေရိကန်ပြည်ထောင်စု ဘော်စတွန်တက္ကသိုလ် ဆေးပညာကျောင်းမှ သုတေသီများသည် အိုမင်းလာသည့် အရေပြားတွင် ဒဏ်ရာပျောက်ကင်းမှုကို မြှင့်တင်ပေးနိုင်သည့် ကုသမှုတစ်ရပ်ကို မကြာသေးမီကဖော်ထုတ်နိုင်ခဲ့ကြောင်း အိုမင်းခြင်းဂျာနယ်တွင် ဖော်ပြသည်။

၎င်းတို့၏ လေ့လာမှုအရ အေဘီတီ-၂၆၃ဆေးဝါးသည် အိုမင်းပျက်စီးနေသော ဆဲလ်များကို ဖယ်ရှားပေးခြင်းဖြင့် အရေပြားပြန်လည်ကောင်းမွန်မှုကို သိသိသာသာ မြန်ဆန်စေကြောင်း တွေ့ရှိခဲ့ကြသည်။

လူတို့ အသက်ကြီးလာသည်နှင့်အမျှ ၎င်းတို့၏ ခန္ဓာကိုယ်တွင် မသန်စွမ်းသောဆဲလ်များ စုပုံလာပြီး ပုံမှန်လုပ်ဆောင်မှုများကို ရပ်တန့်သွားစေရာမှ တစ်ရှူးများရှိ ပုံမှန်ပျောက်ကင်းမှုဖြစ်စဉ်ကို အနှောင့်အယှက်ဖြစ်စေသည်။

ယင်းတွေ့ရှိချက်သည် အထူးသဖြင့် ခွဲစိတ်ကုသပြီးနောက် ပြန်လည်ကောင်းမွန်မှုနှင့် နာတာရှည်ဒဏ်ရာများ ကုသရာတွင် အသက်ကြီးသူများအတွက် နှေးကွေးစွာ ပျောက်ကင်းသည့် ဒဏ်ရာများကို ကုသရန် နည်းလမ်းသစ်များ ဖော်ထုတ်ရာတွင် အသုံးဝင်မည်ဖြစ်ကြောင်း သိရသည်။

(SCI)



## White Christmas မှာ အကောင်းဆုံး သီချင်း ၂၅ ပုဒ်တွင် ပါဝင်ခဲ့

ခေတ်အဆက်ဆက် လူကြိုက်များခဲ့သည့် White Christmas ကို အသံခွဲခြားမှုစနစ်အသုံးပြု၍ ဘင်ခရော့စ်၏ သီချင်းဟောင်းကို ပေါ့ပ်စတား ဗီနှင့် ပေါင်းစပ်ဖန်တီးခဲ့ရာမှ 2024 ခုနှစ် Billboard ၏ အကောင်းဆုံးသီချင်း ၂၅ ပုဒ်တွင် ပါဝင်ခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါသီချင်းကို ဗီ၏ နူးညံ့သော အသံနှင့်ဘင်ခရော့စ်၏ ထိန်းညှိမှုရှိသည့် အသံဟန်တို့နှင့် ပေါင်းစပ်၍ ပုံစံသစ်အဖြစ် တင်ဆက်ထားရာ မျိုးဆက်နှစ်ခုအကြားခံစားချက်များကို တစ်ပွေ့တည်း ပေါင်းစပ်ပေးနိုင်သည့် လက်ရာတစ်ခုအဖြစ် လူသိများထင်ရှားလာခဲ့ကာ ဂီတအနုပညာစံချိန်များတစ်ခုပြီးတစ်ခု ချိုးနိုင်ခဲ့ပြီး ထူးချွန်ဂီတဆုများစွာ သိမ်းပိုက်ထားသည်။

(SKY)

## Song Hye Kyo နှင့် Kim Taeri တို့ နှစ်ဦးသာ A Pan Award Daesang ဆု ရရှိထား

ကိုရီးယားအနုပညာလောကတွင် မင်းသမီး ဆောင်ဟေကိုနှင့် ကင်တေရီတို့နှစ်ဦးသာ A Pan Award ဒေဆောင်းဆု ရရှိသည့် မင်းသမီးနှစ်ဦးဖြစ်ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အနုပညာအရည်အသွေးပြည့်ဝသည့် ဆောင်းဟေကိုနှင့်အတူ မျိုးဆက်သစ်မင်းသမီးချောလေးကင်တေရီကလည်း စွမ်းရည်ထက်မြက်သူဖြစ်ပြီး A Star is Born နှင့် နာမည်ကျော်ခဲ့သူဖြစ်သည်။

အနုပညာလောကတွင် A Pan Award ၏ Daesang ဆုကို ရရှိထားကြသည့် မင်းသမီးနှစ်ဦးလည်းဖြစ်သည်။

(SKY)






## J Hope ၏ Hope On The Stage World Tour ကမ္ဘာလှည့်ဖျော်ဖြေမှုကို ဂျပန်နိုင်ငံတွင် အဆုံးသတ်မည်

ဘီတီအက်စ်အဖွဲ့ဝင် ဂျေဟုတ်သည် Hope On The Stage World Tour နှင့် တစ်ကိုယ်တော်ဖျော်ဖြေပွဲကို ကမ္ဘာလှည့်ပြုလုပ်မည်ဖြစ်ရာ အာရှတစ်လွှားအပြင် အမေရိကန်အထိ ခြေဆန့်၍ ဂျပန်နိုင်ငံတွင် အဆုံးသတ်မည်ဖြစ်ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




ဂျေဟုတ်သည် လူပေါင်း ငါးထောင်ကျော် ကျယ်ဝန်းသည့် ကွင်းအပါအဝင် ကြီးမားသည့် အားကစားရုံကြီးများတွင် ဖေဖော်ဝါရီ ၂၈ ရက်မှစ၍ မတ် ၃၁ ရက်အထိ သွားရောက်ဖျော်ဖြေမည့်နိုင်ငံများစာရင်းကို ထုတ်ပြန်ထားသည်တွင် ဆိုးလ်၊ ဘရွတ်ကလင်၊ ချီကာဂို၊ မက်ဆီကို၊ ဆန်ဖရန်စစ္စကို၊ Oakland၊ လော့စ်အင်ဂျလိ၊ မနီလာ၊ Saitama၊ စင်္ကာပူ၊ ဂျာကာတာ၊ ဘန်ကောက်၊ Macau၊ တိုင်ပေနှင့် ဂျပန်နိုင်ငံ အိုဆာကာတွင် ဖျော်ဖြေပွဲ အဆုံးသတ်မည်ဖြစ်သည်။

(SKY)

*-*-*-*-*

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ အခြေခံအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေနှင့် နည်းစနစ်များ လိုအပ်...

❖ မျိုးကောင်းမျိုးသန့်ဖြစ်ရန်၊ မြေကောင်းမွန်ရန်နှင့် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများ ပြည့်ဝစွာထည့်သွင်းရန်၊ စိုက်ပျိုးရေးအောင်ရေကောင်းစွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်ရန်လို ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် စမုံရေငုပ်ပြွန်အသစ် ပြန်လည်တည်ဆောက်နေမှုများအား လိုက်လံကြည့်ရှု





**မန္တလေး ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက မိတ္ထီလာခရိုင်အတွင်း လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများနှင့် စမုံရေငုပ်ပြွန်အသစ် ပြန်လည်တည်ဆောက်မှုများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရမည်းသင်းမြို့ အင်ကြင်းကန်ကျေးရွာအုပ်စုရှိ နွေစပါးအတန်းလိုက် တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ အခမ်းအနားသို့ ရောက်ရှိပြီး တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများက စိုက်စရိတ်သက်သာပြီး တစ်ဧကဝင်ငွေအကျိုးအမြတ်တိုးလာစေရန်၊ လုပ်သားရှားပါးမှုပြဿနာအား ဖြေရှင်းနိုင်ရန်၊ စိုက်ပျိုးချိန်မီစိုက်ပျိုးနိုင်ပြီး စိုက်ပျိုးမှုလျင်မြန်လွယ်ကူစေရန်၊ စက်ကိရိယာများအသုံးပြုခြင်းဖြင့် လိုအပ်သော ကောက်ကွက်၊ ပျိုးပင်များရရှိရန် ရည်ရွယ်ချက်များ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပန်းတိုင်အထွက်နှုန်းနှင့်ကောက်ကွက်ပြည့်မီရေး၊ လုပ်သားရှားပါးမှုအား ဖြေရှင်းနိုင်ရန် အထောက်အကူပြုသည့် စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲလုပ်ကိုင်ခြင်းအား ပိုမိုဆောင်ရွက်သွားရေး၊ အားနည်းချက်၊ အားသာချက်များ သုံးသပ်၍ မျိုး၊ မြေ၊ ရေ၊ နည်းတို့ကို စနစ်တကျမှန်ကန်စွာ အသုံးချသွားနိုင်ရေးအား တောင်သူများ၏ ပူးပေါင်းပါဝင်မှုအားဖြင့် ဆောင်ရွက်သွားရန်တို့ကို မှာကြားပြီးနောက် တောင်သူများ၏တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ၆တန်းသွား မျိုးစေ့ချလက်ဆွဲစက်နှင့် ၁၀ တန်းသွား မျိုးစေ့ချစက်တို့ဖြင့် တောင်သူများအား သရုပ်ပြသနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ငင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး မိတ္ထီလာမြို့နယ်ရှိ တောမကျေးရွာအုပ်စုဥယျာဉ်ကျေးရွာရှိ ကွင်းအမှတ်(၈၅၅)၊ နွေနှမ်းဧက ၅၀ စိုက်ပျိုးရန် ပြင်ဆင်နေမှုများနှင့်

စာမျက်နှာ ၅ သို့ ❍

## မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းက လက်ဘနွန်အမျိုးသမီးအသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ




နီပေါလေးနိုင်ငံ ဖိတ်ခေါ် အမျိုးသမီးဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် လက်ဘနွန် အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းက လက်ဘနွန် အမျိုးသမီးအသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၅၇ မိနစ်တွင် ဝင်းသီဂီထွန်း၊ ပွဲချိန် ၇၂ မိနစ်တွင် ရွှေရည်ထွန်း၊ ပွဲချိန် ၇၅ မိနစ်တွင် စန်းသော်သော်တို့က အသီးသီးသွင်းယူပေးခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းက လက်ဘနွန်အသင်းအား အနိုင်ရသည့်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံးကစားသမားဆု(Player of the Match)ကိုလည်း ကွင်းလယ်ကစားသမား ဖြူဖြူဝင်းက ဆွတ်ခူးရရှိခဲ့သည်။

နီပေါလေးနိုင်ငံ ဖိတ်ခေါ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဒုတိယပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအား လာမည့် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကာဂျစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

(NGB)